


# သစ္စာမြင်မှနိဗ္ဗာန်ဝင်မည်

# အလုပ်သင်တရားတော်

၁၈

ဟောကြားသည့်နေ့
(၄-၆-၆၂)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၀)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားဆုံးမတော်မူသော

# သစ္စာမြင်မှ နိဗ္ဗာန်ဝင်မည်
# အလုပ်သင်တရားတော်

( ၄-၆-၆၂ )

ဘုန်းကြီးက တရားပြောပေး ဆုံးမပေးနေတယ်ဆိုတဲ့ ဥစ္စာက ဘာပြောသတုံးလို့ ဒကာဒကာမတွေက မေးလို့ရှိရင် တရား ပြောနေတယ်၊ တရားပြောနေတယ်ဆိုတာက မှန်တာကို ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့)။

တရားပြောနေတယ်ဆိုတာ ဘာပါလိမ့်. . . (မှန်တာကို ပြောတာပါဘုရား)။

## တရားဆိုတာ မှန်တာ

မှန်တာကို ပြောနေတယ်၊ အဲဒီတော့ ဒီဟာကို ဒကာဒကာမတွေက မှန်တာကို ပြောနေတာပဲ၊ တရားဆိုတဲ့ဥစ္စာ မှန်တာပဲ၊ ဒီမှန်တာတွေ ပြောနေတာကို ကိုယ်က မနာယူကြဘူး၊ မလိုက်နာကြဘူး၊ မကျင့်ကြဘူး၊ မကြံကြဘူးဆိုရင် ပြောင်းပြန်လှည့်ကြည့်လိုက်တာပေါ့ ဦးဘကလေးတို့ကနော် (မှန်ပါ့)။

ဒါ မလိုက်နိုင်ဘူး၊ ဒါ မနာနိုင်ဘူး၊ ဒါ မကျင့်နိုင်ဘူး၊ ဒါ မကြံနိုင်ဘူးဆိုရင် မတရားလုပ်နေတယ်၊ အဓိပ္ပာယ် ဒီရောက်တယ် (မှန်ပါ့) မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

ဘုန်းကြီးက ဘာပြောနေသတုံး (တရားဟောနေပါတယ် ဘုရား) တရားဟောနေတယ်၊ ဒါတွေကို နာလဲမနာဘူး၊ သင်လဲမသင်ဘူး၊ ဒီအတိုင်းလဲ မလိုက်နာဘူးဆိုလို့ရှိရင်ဖြင့် ဘာလုပ်နေသတုံး၊ မေးဖို့ရာဟာ သူ့အဖြေကို သူထွက်လာပြီဆိုတာ မှတ်ရမှာ (မှန်ပါ့) မမှတ်ရပေဘူးလား (မှတ်ရပါမယ်ဘုရား)။

ဘာလုပ်နေသတုံး (မတရား လုပ်နေပါတယ် ဘုရား) မတရားလုပ်နေတယ် ဆိုတဲ့ဥစ္စာ အထူးတလည် အဖြေပေးဖို့လိုသေးသလား (မလိုပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ ကြပ်ကြပ် ဂရုစိုက်ပြီး သကာလ ဩော်. . . တရားပြောနေတာပဲ၊ ဒို့ဟာ မတရား လုပ်နေလို့ မတော်ပါဘူးဆိုတဲ့စိတ်ကို မွေးရမယ် (မှန်ပါ့)၊ မမွေး သင့်ဘူးလား (မွေးသင့်ပါတယ်ဘုရား)။

တရားလည်းနာ၊ အားလည်းထုတ်၊ ဘာကြောင့်တုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ မတရားနေတယ်ဆိုတော့ ပဋိစ္စ သမုပ္ပါဒ် ဆက်နေတယ်၊ တရားနဲ့ နေတယ်ဆိုတော့ ပဋိစ္စ သမုပ္ပါဒ် ပြတ်နေတယ် (မှန်ပါ့)။

## တရားမနာရင် ပဋိစ္စသမုပ္ပါဒ် ဆက်နေတယ်

ဒါနဲ့ ရှင်းကြည့်ပါဦး၊ တရားမနာဘူး၊ တရားနှလုံး မသွင်းဘူးဆိုတော့ ဦးဘကလေး စဉ်းစားကြည့်တာပေါ့ မတရား နေတယ်၊ မတရားနေတယ်ဆိုတော့ ဒကာ ဒကာမ တွေမှာ တိုတိုပြောတော့ ပဋိစ္စသမုပ္ပါဒ် ဆက်နေတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဟာ. . . တရားနာတယ်၊ တရားအားထုတ် နေပါတယ်လို့ဆိုတော့ ဩော်. . . ဒုက္ခစက်ကြီး ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီးလည်နေတာကို ဖြတ်နေတာပါကလား။ မရှင်းကြ ဘူးလား (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် "တရား" နဲ့ "မတရား" ကွဲပလား (ကွဲပါပြီ)၊ ကွဲပြီတဲ့၊ ဒါဖြင့် ဒီလိုပြောကြစို့တဲ့၊ အိမ်မှာ ဘာလုပ်ပြီး သကာလ ဒကာ ဒကာမတွေ နေကြသတုံး၊ မတရား လုပ်နေတယ်ဆိုတာ ဖြေရမယ် (မှန်ပါ့)။

တစ်ခါတလေကျတော့ သားတွေ၊ သမီးတွေနဲ့၊ ဒေါသသောကတွေနဲ့ အချိန်ကုန်သွားတယ်၊ ကုန်မသွားဘူးလား (ကုန်သွားပါတယ်ဘုရား)။

ဒေါသဆိုတာ သားကလေး၊ သမီးကလေးတွေကိုယ်က လိမ္မာယဉ်ကျေးစေချင်တယ်၊ သူတို့က မလိမ္မာ မယဉ်ကျေးတော့ အမေမိဘလုပ်တဲ့ပုဂ္ဂိုလ်, ညီအစ်ကို မောင်နှမ အကြီးအကဲလုပ်တဲ့ ပုဂ္ဂိုလ်များက ဒေါသဖြစ်တယ်၊ မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

## ဒေါသဟာ၊ တရားလား၊ မတရားလား

ဒေါသဖြစ်တော့ ဒေါသဟာ တရားလား၊ မတရားလား မေးကြည့်ပါ (မတရားပါဘုရား)။

မတရားတာက အခု မတရားတာလည်း တစ်မျိုး၊ နောင်မတရားဖြစ်မှာလည်း တစ်မျိုး မှတ်လို့ရှိရင် မလွဲပါဘူး. . (မလွဲပါဘုရား)။

အခု မတရားတာကတော့ ဒေါသနောက်က သောက လိုက်တယ်၊ သောကနောက်က ပရိဒေဝလိုက်တယ်၊ ငိုမှု လိုက်တယ်နော်၊ နောက် ဒုက္ခ, ဒေါမနဿတွေ မလိုက်ဘူးလား (လိုက်ပါတယ် ဘုရား)၊ တော်တော်ကြာကျတော့ အဝိဇ္ဇာ သင်္ခါ ရတွေကော (လိုက်ပါတယ်ဘုရား)။

## အဖေ၊ အမေက အပါယ်သွားနေတယ်

ဒါဟာ ကြည့်. . . အိမ်မှာနေတာ သားတွေ, သမီး တွေအတွက် ကိုယ်ခိုင်းတဲ့အတိုင်း မလိုက်နာ မပြုကြပြီဆိုမှဖြင့် မတရားလုပ်နေတော့ သားသမီးကတော့ ကိစ္စမရှိဘူး၊ အဖေ အမေက အပါယ်သွားနေတယ်. . . (မှန်ပါ့)၊ မသွားသေးဘူး လား (သွားပါတယ်ဘုရား)။

အဝိဇ္ဇာ သင်္ခါရဝိညာဏ်ဆိုတော့ ဝိညာဏ်ဆိုတာ ပဋိသန္ဓေစိတ်ဆိုတာပါ၊ အဲဒီတော့ မတရားနေမိတဲ့အတွက် အပါယ်ရောက်သွားတယ် ရှင်းပလား (ရှင်းပါပြီ)။

တစ်ခါတလေကျတော့လည်း ရောင်းရေးဝယ်ရေးနဲ့ပဲ ပျော်ပြီး သကာလ နေလိုက်တဲ့အခါလည်း ရှိသေးတယ်နော် (မှန်ပါ့)။ ရောင်းရေး၊ ဝယ်ရေးနဲ့ ပျော်လိုက်ပြန်တော့လည်း ပျော်တယ်ဆိုတာ တဏှာပါပဲ၊ ဝမ်းသာတဲ့ လောဘတဏှာပါပဲ၊

အဲဒီတဏှာ၊ ဥပါဒါန်၊ ကံတွေနဲ့ အချိန်ကုန်ပြန်တော့လည်း နောက်ဘဝ ဇာတိ၊ ဇရာ၊ မရဏ လာဦးမှာပဲ (မှန်ပါ့)။

ဒါ. . . တရားလား၊ မတရားဘူးလား (မတရားပါဘုရား)။

ဒါဖြင့် တရားအားမထုတ်ဘူး၊ တရားမနာတဲ့ ပုဂ္ဂိုလ်များမှာဖြင့်တဲ့၊ မတရားဖြစ်ပြီးသကာလနေတာ၊ ပစ္စုပ္ပန်မှာ မတရား၊ သံသရာမှာ အပါယ်သွားဆိုတဲ့ အဓိပ္ပာယ် ရှင်းသွားပြီ (မှန်ပါ့)၊ မရှင်းဘူးလား (ရှင်းပါတယ်ဘုရား)။

အဲဒါ ဉာဏ်နဲ့ လှည့်ကြည့်တော့မှ ဩော်. . . ငါသည်ကားလို့ ဆိုလို့ရှိရင် ဘယ်အမျိုးထဲက ပါလိမ့်မတုံး။ ဘယ်အစားထဲက ပါလိမ့်မတုံး၊ ကိုယ့်ကိုယ်ကို သနားလို့ ထမင်းကျွေးနေတာလား၊ ထမင်းကျွေးတာက ဝတ်ဆင်ပြီးသကာလ ကျွေးငြားသော်လည်း ကိုယ့်ကိုယ်ကို သနားရာ မရောက်ဘူးနော် (မှန်ပါ့)။

ကိုယ့်ကိုယ်ကို သနားတာကတော့ ကိုယ်သွားနေတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖြတ်တဲ့ပုဂ္ဂိုလ်မှ ကိုယ့်ကိုယ်ကို သနားတဲ့ ပုဂ္ဂိုလ် (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ)။

ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့ ပုဂ္ဂိုလ်မှ ဘာပါလိမ့် (သနားတဲ့ပုဂ္ဂိုလ်ပါဘုရား)၊ သနားတဲ့ပုဂ္ဂိုလ်ဆိုတာ ရှင်းပါပြီ။

ဒါကြောင့် မတရားတော့ဖြင့် ဒကာ ဒကာမတွေ မနေကြပါနဲ့၊ တရားနဲ့နေပါလို့ဆိုတဲ့ဥစ္စာ အထူးပြောစရာ ဘာမှ မလိုတော့ပါဘူး (မှန်ပါ့)။

ဦးဘကလေး လိုသေးသလား (မလိုပါဘုရား)။

အဲဒါကြောင့် အိမ်မှာ ဘာလုပ်နေကြသတုံးလို့ မေးတဲ့ အခါကျလို့ရှိရင်ဖြင့် တပည့်တော်တို့ အရောင်းနဲ့ အဝယ်နဲ့ သားနဲ့ သမီးနဲ့ဆိုတော့ဖြင့် မအားဘူး။

ကဲ. . . မအားတာကတော့ မင်းတို့ကိစ္စမရှိဘူး၊ မအား တာသည်ကားလို့ဆိုရင် တရားဖြစ်နေတာလား၊ မတရားဖြစ်နေ တာလား၊ ဒါ မောင်နိုင် မေးဖို့လိုတယ် (မှန်ပါ့ဘုရား)။

ကိုပေါ်က ဘယ့်နှယ်ဆိုမလဲ. . . (မတရားဖြစ်နေတာ ပါဘုရား)။

မတရားဖြစ်နေတော့ ဩော်. . . ဒါဖြင့် ဒကာ ဒကာမ တွေ ဘုန်းကြီးက သတိပေးလိုက်တယ်၊ မင်းတို့ မအားတာသည် ဒို့လည်းသိတော့သိတယ်၊ မင်းတို့မအားဘူး ဆိုတာတွေလည်း သိတယ်၊ သို့သော်လည်း မအားတဲ့ အလုပ်ထဲမှာ မအားတာ ဘာတွေတုံးမေးတော့ မတရားတွေက မအားဘဲ ဖြစ်နေ တာ. . . (မှန်ပါ့)၊ ဆိုထိုက်ကြပလား (ဆိုထိုက်ပါတယ်ဘုရား)။

မတရားတွေက (မအားဘဲဖြစ်နေတာပါဘုရား)။

မအားဘဲဖြစ်ပြီး သကာလနေတော့ မတရားတာဟာ ရိုးရိုးမအားတာ မဟုတ်ဘူး၊ ရိုးရိုးမအားတာ မဟုတ်ဘူးတဲ့ ဒကာ ဒကာမတို့နော် (မှန်ပါ့)၊ တစ်ခါတည်း အပါယ်သွား ကြောင်းတွေ ဆည်းပူးနေတဲ့ အဓိပ္ပာယ် သေသေချာချာ ရောက်ပါတယ် (ရောက်ပါတယ်ဘုရား)၊ မရောက်ဘူးလား. . . (ရောက်ပါတယ် ဘုရား)။

## မတရားလုပ်နေရင်၊ အရင်းရှုံးလိမ့်မယ်

အေး. . . ဒါတွေ စဉ်းစားတော့မှ ငါတို့သည်ကားလို့ ဆိုရင်ဖြင့်၊ အခု လူ့ဘဝကို တရားကြောင့် ရောက်လာတဲ့ဉစ္စာ၊ ရောက်တဲ့နေရာ မတရားလုပ်နေပြန်ပြီ ဆိုလို့ရှိရင်ဖြင့်၊ အရင်း ရှုံးပါလိမ့်မယ်လို့ ပြောရပါလိမ့်မယ်. . . (မှန်ပါ့)၊ မပြောထိုက် ဘူးလား၊ (ပြောထိုက်ပါတယ်ဘုရား)။

အရင်း ရှုံးပါလိမ့်မယ်လို့ သေသေချာချာ ပြောထိုက်ပါ တယ်၊ သဘောပါကြပလား (ပါ, ပါပြီဘုရား)။

လူ့ဘဝရလာတာက တရားကြောင့် ရလာတာ (မှန်ပါ့)၊ ဒီမှာ လူ့ဘဝရလာတာက တရားကြောင့် ရလာတော့၊ အိမ်ကျ တော့ ပျော်လိုက်, ပါးလိုက်, မူးလိုက်, ယစ်လိုက်, အမျိုးမျိုး အဖုံဖုံပေါ့လေ၊ သားနဲ့၊ သမီးနဲ့ အလိုမကျတာလေးရှိလိုက်၊

အလိုကျလို့ ခင်ပြီးသကာလ နေလိုက်၊ ဒါတွေဟာ ကိုယ်က တရားကြောင့် လူဖြစ်လာတဲ့ဥစ္စာကို မတရားနဲ့ အချိန်ကုန်ပြန် တော့ ဩော်. . . အရင်းရှုံးတာပေါ့ပဲဟုလို့ မှတ်လိုက်ပါ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (အရင်းရှုံးပါတယ်ဘုရား)၊ အရင်းရှုံးပြီ။

ဒကာ ဒကာမတွေ ဘာဖြစ်ပါလိမ့်. . . (အရင်းရှုံးပါ တယ်ဘုရား)။

## ဘယ်လိုအရင်းရှုံးသလဲ

အရင်းရှုံးတယ်ဆိုတဲ့ဥစ္စာ အင်မတန် နာပါတယ်ဆိုတဲ့ ဥစ္စာသဘောကျပလား. . . (ကျပါတယ်ဘုရား)။

အရင်းရှုံးပုံကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြောလိုက်ပြန်တယ်၊ ဘယ်လို အရင်းရှုံးသလဲကွာလို့ မေးတဲ့ အခါကျတော့ မင်းတို့ဟာကွာ၊ ငါ့လက်သည်းပေါ်တင်ထားတဲ့ မြေမှုန့်ကလေးလိုပဲ၊ ဘုရားလက်သည်းပေါ် တင်ထားတဲ့ မြေမှုန့် ကလေးတွေလိုပဲတဲ့နော်. . . (မှန်ပါ့)။

ဘုရားလက်သည်းပေါ် တင်ထားတဲ့ မြေမှုန့်ကလေး ဟာ တာရှည် တည်နိုင်ပါ့မလား၊ ကိုပေါ် စဉ်းစားကြည့်စမ်း (မတည်နိုင်ပါဘုရား)။

ဘာဖြစ်လို့ မတည်နိုင်သတုံးဆိုတော့ သူကလည်း သေးငယ်တာ တစ်ကြောင်း၊ အောက်က လက်သည်းခွံကလည်း နုတာက တစ်ကြောင်း၊ ချောတာက တစ်ကြောင်၊ နုတဲ့အပေါ်မှာ သေးငယ်တာကလေး တင်ထားတော့ အထိမခံ ရွှေပန်းကန် ဆိုသည့်ပုံလို ကျသွားမှာပဲ. . . (မှန်ပ့ါ) မကျပေဘူးလား (ကျပါတယ်ဘုရား)။

အဲဒီတော့ ဒီအပေါ် ရောက်လာတာက ဘုရားလက်ပေါ် ရောက်လာတာကတော့ဖြင့် အကြောင်း ညီညွတ်လို့ ရောက်လာတယ်၊ ဒီအပေါ်ရောက်ဖို့လည်း အတော်မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဘုရား)၊ ကျဖို့ကတော့ မလွယ်ဘူးလား (လွယ်ပါတယ်ဘုရား)။

အဲဒီမှာလည်း လူ့ဘဝရဖို့ရာလည်း အတော် ခဲယဉ်းလို့ လက်သည်းခွံတွေပေါ် ရောက်လာတာပဲ၊ လက်သည်းခွံပေါ်က ကျသွားမယ် ဆိုလို့ရှိရင်လည်း ပြန်ရောက်ဖို့ မမျှော်လင့်နဲ့တော့၊ ခင်ဗျားတို့ အပါယ်လေးပါးပဲ လှည့်နေကြမယ်. . . (မှန်ပ့ါ)၊ သဘောပါကြပလား. . . (ပါ, ပါပြီဘုရား)။

အဲဒါတွေ သေသေချာချာ စဉ်းစားကြည့်တော့မှ အို. . . တပည့်တော်တို့စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးဆိုတာ ဘုရား အလကားအလုပ်ပါလား၊ ကိုယ်

ဒီကနေပြီး သက္ကာလ အပါယ်လေးပါးလွတ်ဖို့ ဒီလက်သည်းခွံပေါ်မှာရှိတဲ့ မြေမှုန့်ကလေးတွေလိုပဲ မကျဘဲနဲ့ သူ့ဇာတ်သိမ်းပြီးသကာလ၊ ဒုက္ခတွေ သိမ်းတဲ့ဆီရောက်ဖို့ရာ တပည့်တော်တို့အရေးဟာ အကြီးဆုံး အရေးပါကလားလို့ ဆုံးဖြတ်ချက်ချကြပါ. . . (မှန်ပါ့)။

ဆုံးဖြတ်ချက် ဘယ်လိုချထိုက်ကြသလဲ. . . (အရေးကြီးဆုံးပါဘုရား)။

အဲဒါကြောင့် ပေ့ါပေ့ါတန်တန်နဲ့ မနေဘဲနဲ့ ဩော်. . . ငါတို့ မတရားသည်ကားလို့ဆိုရင် အိမ်နေရင်ဖြင့် သားရေး၊ သမီးရေး၊ စီးပွားရေးအလုပ်ဟာ မတရားအလုပ်တွေပဲ၊ တရားကိုဖြင့် ဂရုစိုက်ဦးမှ တော်တော့မယ်၊ တရားကြောင့် လူဖြစ်လာတာ၊ မတရားနဲ့ ငါသည်ကားလို့ဆိုရင် အချိန်ကုန်မယ်ဆိုရင်ဖြင့် ငါလောက် အရင်းရှုံးအောင် ဖြုန်းတဲ့ ပုဂ္ဂိုလ်တော့မရှိတော့ဘူးဆိုတော့ အမြတ်မထွက်တဲ့အပြင် အရင်းရှုံးတယ် (မှန်ပါ့ဘုရား)။

ဦးဘကလေး ဘယ့်နှယ်ဆိုမလဲ (အမြတ်မထွက်တဲ့အပြင် အရင်းရှုံးပါတယ်ဘုရား)။

အမြတ်မထွက်တဲ့အပြင် အရင်းရှုံးပြီးသကာလသွားတော့ ဒကာဒကာမတို့ ဒီအရှုံးကလဲ နည်းနည်းအရှုံးလား

လို့ မေးတဲ့အခါ လူ့ဘဝ ဘယ်တော့မှ ပြန်မရတဲ့အရှုံး. . (မှန်ပ့ါ)။

ကွာ-တဲ့၊ ငါ သူများပြောသံကြားနဲ့လဲ ပြောတာမဟုတ်ပါဘူး၊ မင်းတို့အားလုံးကို ငါအကုန်သိပါတယ်၊ ငါ့အမြင်နဲ့ ငါမမြင်တာရယ်လို့ မသိတာရယ်လို့လဲ မရှိပါဘူး၊ အဲဒီအမြင်နဲ့ ပြောပါရစေဆိုလို့ရှိရင် မင်းတို့ ခုဘဝကနေပြီး မတရားတွေနဲ့များ အောက်လမ်းကျသွားမယ် ဆိုလို့ရှိရင်ဖြင့်ကွာ တဲ့၊ ဒီလူ့ဘဝ ပြန်မရတော့ဘူး. . . တဲ့ (မှန်ပ့ါ)။

## အဘိုးတန်အောင်သုံးကြစမ်းပါ

ပြန်မရပုံ ငါ ဥပမာ ပြောမယ်တဲ့၊ သံယုတ်ပါဠိတော်ကြီးများမှာ ဦးဘကလေး မှတ်ထားစမ်းပါနော် (မှန်ပ့ါ)၊ ကိုယ့်ဟာကိုယ် အဖိုးတန်အောင် သုံးကြစမ်းပါဆိုတာ သေချာစေချင်လို့ အကူအညီပေးနေပါတယ်. . . (မှန်ပ့ါ)၊ အကူအညီပေးနေတယ်။

တုံးကြီးတစ်ခုကို နွားထွန်တုံးဆိုတာလည်း မြင်ဖူးကြပါတယ်နော်. . . (မှန်ပ့ါ)။

လေးပေါက် မဖောက်ပါနဲ့ ကိုပေါ် ရဲ့၊ တစ်ပေါက်တည်းဖောက်ပါနော် (မှန်ပ့ါ)၊ ရောဝတီကနေမျှောလိုက်စမ်း၊ ဘယ်သူမှ မဆယ်စေနဲ့နော်၊ ပင်လယ်ထဲရောက်သွားမယ်. . . (မှန်ပ့ါ)

ပင်လယ်ထဲ ရောက်သွားတော့ အပေါက်ကလေးကလည်း တစ်ပေါက်တည်းနဲ့ လေတိုက်ရာ တောင်ရောက် မြောက်ရောက် ရောက်ချင်သလိုရောက်ပေ့ါ မောင်နိုင်ရာ (မှန်ပ့ါ) တစ်ပေါက် တည်းနဲ့ သူလေတိုက်ရာ သွားနေမှာပဲ. . . (မှန်ပ့ါ)။

ထွန်တုံးပေါက်ကြီးနဲ့လေ၊ ထွန်တုံးကြီးက တစ်ပေါက် တည်းပါတယ်နော်. . . (မှန်ပ့ါ)။

အနှစ်တစ်ရာ တစ်ရာမှပေါ်တဲ့ ပင်လယ်ထဲက လိပ်ကန်း ကြီးကလည်း ရှိတယ်ကွ၊ အနှစ်တစ်ရာမှ တစ်ကြိမ်ပဲ ပေါ်လာ တယ်. . . (မှန်ပ့ါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒီထွန်တုံးကြီးကလည်း လေတိုက်ရာ လှိုင်းရိုက်ရာ သွား မနေရဘူးလား. . . (သွားနေရပါတယ်ဘုရား)။

## ထွန်တုံးအပေါက်နှင့် လိပ်ကန်းကြီးဥပမာ

အဲဒီ အပေါက်ကလေးထဲကို . . . တဲ့ . . . မင်းတို့ အနှစ်တစ်ရာမှ တစ်ကြိမ်ပေါ်တဲ့ လိပ်ကန်း၊ လိပ်ကန်းဆိုတာ သွားချင်ရာသွားနေတာ (မှန်ပ့ါ)။

အဲဒီ သူ့ခေါင်းကလေး ဒီအပေါက်ထဲကို အမောပြေ အသက်ရှူပေါက်လေးနဲ့ အပေါ်တက်ပြီးသကာလ လျှိုပြီးသကာ လ နေဖို့ရာ မောင်နိုင် လွယ်ပ့ါမလား. . . (မလွယ်ပါဘုရား)။

ထွန်တုံးကလည်း တောင်သွား၊ မြောက်သွား (မှန်ပ့ါ) လိပ်ကန်းကြီးကလည်း တောင်သွား၊ မြောက်သွား လျှိုမိဖို့ ဘယ့်နှယ် နေပ့ါမလဲ. . . (ခဲယဉ်းပါတယ်ဘုရား)။

. အဲဒါ. . . ကွာတဲ့၊ ငါ သေသေချာချာ အမြင်နဲ့ပြော တာပါတဲ့၊ အဲဒါက လျှိုမိစရာအကြောင်းလွယ်သေးသကွ (မှန်ပ့ါ)။

ထွန်တုံးကလည်း မဆွေး၊ လိပ်ကန်းက တစ်ခါတလေ မှားပြီး လျှိုမိချင် လျှိုမိပါလိမ့်ဦးမယ်၊ မင်းတို့ဒီဘဝကဆင်းသွားလို့ နောက် လူ့ဘဝဆိုတာ ဘယ်တော့မှ မရတော့ဘူးမှတ်ပါ။ (မှန်ပ့ါ ဘုရား)။

ဒီတော့ တရားကို လုပ်ပါလို့ပြောတာ ဘုန်းကြီးက တိုက် တွန်းဖို့ မလိုဘူး၊ ဒီဥပမာပဲ ရှင်းလောက်ပါပြီ. . . (မှန်ပ့ါ)။ သဘောကျပလား. . . (ကျပါပြီ)။

အဲဒီကျတော့ ဒကာ ဒကာမတွေ ဩော်. . . ငါ့အရေး ဟာ အခု ဆရာဘုန်းကြီးပြောတဲ့အရေးဟာ ငါတို့ ဒီလိုနေလို့ မတော်ပါကလား၊ အလွန်ကြီးတဲ့ အရေးကြီးပါကလား၊ လူ့ဘဝ ပြန်ရဖို့တောင် မလွယ်တော့ဘူး ဆိုလို့ရှိရင်ဖြင့် လူ့ဘဝကမှလည်း နိဗ္ဗာန်သွားနိုင်မှာ. . . (မှန်ပ့ါ) အပါယ်လေးပါးက သွားနိုင်တယ် လို့ ထုံးစံမရှိဘူး၊ သဘောကျပလား. . . (ကျပါပြီ)။

အဲဒီတော့ အပါယ်လေးပါး ဆိုတာကလည်း ဘုန်းကြီးတို့ အထူးပြောဖို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမြင်နဲ့ပဲ ပြောတော့ တိရစ္ဆာန်ဘုံရောက်တော့ နိုင်ရာစား၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

နိုင်ရာစားဆိုတော့ ပါဏာတိပါတကံတွေက နိုင်တဲ့ အကောင်မှာ ရှိမယ်၊ သူ့ ပါဏာတိပါတကံက တိရစ္ဆာန်ဘုံကနေ အပါယ်ပြန်လှည့်သွားတယ် (မှန်ပ့ါ)၊ ရိပ်မိကြပလား (ရိပ်မိပါပြီ ဘုရား)။

## အလှဲသုံးစားနဲ့ ဖြုန်းမပစ်ပါနဲ့

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ အခုရထားတဲ့ အရင်းကလေးကိုဖြင့် အလွဲသုံးစားနဲ့ဖြုန်းပြီးသကာလ မပစ်ပါနဲ့ဆိုတာ တရားမဟောခင် ဒီအကြောင်းကို သေသေချာချာပြတယ် (မှန်ပ့ါ)။

ဦးဘကလေးဖြုန်းထိုက် - မဖြုန်းထိုက် (မဖြုန်းထိုက်ပါ)။ အလကား ဒီခန္ဓာကြီးကိုလေ. . . (မှန်ပ့ါ)။

တကယ်ရအောင်က မနည်းလုပ်ခဲ့ရတယ် (မှန်ပ့ါ)၊ အခုရတဲ့ ဥစ္စာကို တရားကြောင့်ရတာကို မတရားနဲ့ ဖြုန်းပစ်လိုက်မယ် ဆိုလို့ရှိရင်ဖြင့် ကျုပ်တို့ အင်မတန် အသက်စွန့်ပြီး တူးတဲ့ ကျောက် တစ်ပွင့်ရတယ်ဆိုကြပါစို့ ဟင်. . . (မှန်ပ့ါ)။

ဒါကလေး ပြင်ဘက်ရောက်တဲ့အခါကျတော့ ကားဝယ်စီးလိုက်၊ မူးလိုက်၊ ရူးလိုက်၊ ဖဲရိုက်ပစ်လိုက်နဲ့ ကုန်သွားတယ်ဆိုလို့ရှိရင် မောင်နိုင်တို့က အပြစ်တင်မှာပဲ၊ ဩော်. . . အသက်စွန့်ပြီး မိုက်ပါပေကွာ၊ မဆိုဘူးလား ဆိုမလား (ဆိုရမှာပါဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတွေလဲတဲ့ အရကြီးရဖို့ရာအတော်လုပ်လာပြီးသကာလ အဖြုန်းဘက်က သန့်လှချည်လားဆိုတဲ့ ဥစ္စာ ပြောရတော့မယ်. . . (မှန်ပါ့) မပြောရင်တော်ပါ့မလား (မတော်ပါဘုရား)။

အေး. . . ဒါကြောင့် အားလုံး ဒကာ ဒကာမတွေညီအစ်ကို မောင်နှမတွေ မတော်ဖူးသည်မည်သည် မရှိဘူး၊ ဒီဘဝမှာလည်း အရင်းအချာတွေ ဖြစ်နေတော့ ဒါအမှန်ပြောရမယ် (မှန်ပါ့)။

မင်းတို့ အလကား မဖြုန်းနဲ့ဟေ့၊ ငယ်တဲ့ပုဂ္ဂိုလ်ဖြင့်လည်းခြောက်ပြောရမယ်၊ ကြီးတဲ့ပုဂ္ဂိုလ်ဖြင့်လည်း ချော့ပြောရမယ်၊ ကြွမ်းတဲ့ ပုဂ္ဂိုလ်ဖြင့်လည်း သာယာနာပျော်ဖွယ်ရှိအောင်ကိုယ့်ဘက် မပါ-ပါအောင် ဆွဲရမယ်၊ သူက မသိရှာဘူး၊ မသိတော့ ဆွဲရမှာပဲ (မှန်ပါ့) ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ဒီအတိုင်းနေလို့ မတော်တဲ့ အကြောင်းတော့ကောင်းကောင်း သိပလား (သိပါပြီဘုရား)။

တစ်ခါ အဲဒါခဲယဉ်းတာ အသာထားပါဦး၊ ဒီထွက်ရပ်လမ်းတရားဆိုတာက တစ်ခါ ခဲယဉ်းပြန်တယ် ဦးဘကလေး၊ ထွက်ရပ်လမ်းတရားက တစ်ခါ ခဲယဉ်းပြန်တယ် ဒကာ ဒကာမတို့ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ထွက်ရပ်လမ်းဆိုတာ ဘာပါလိမ့်

ထွက်ရပ်လမ်းဆိုတာက ဝဋ်သုံးပါးမှ ထွက်တဲ့တရား၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ထွက်ရပ်လမ်းဆိုတာ ဘာပါလိမ့် (ဝဋ်သုံးပါးမှ ထွက်တဲ့တရားပါဘုရား)။

အဲဒီတော့ ဝဋ်သုံးပါးမှ ထွက်တဲ့တရားက ဩော်. . . ဝဋ်သုံးပါးမှထွက်သွားတယ်ဆိုတာကတော့ နိဗ္ဗာန်သွားတဲ့တရားကို ဆိုတာ (မှန်ပါ့) တရားပေမယ့်လည်း ဝဋ်သုံးပါးက မထွက်တဲ့ တရားက ရှိသေးတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

## သံသရာလည်လမ်းတရား

အင်း. . . ဒါနပြုပြီးသကာလ လူပြည်၊ နတ်ပြည်၊ စုန်ဆန်ခံစားရတဲ့တရားကို ဒကာ ဒကာမတွေက နာနေကြမယ်

ဆိုလို့ရှိရင်လည်း ဒီဥစ္စာသည်ကားလို့ဆိုလို့ရှိရင် တရားတော့ တရားပဲ မထွက်ဘူး. . . (မှန်ပါ့)၊ ထွက်ရပ်လမ်းတရား မဟုတ်ဘူး၊ (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဘာတရားပါလိမ့် (ထွက်ရပ်လမ်းတရားမဟုတ်ပါဘုရား) သံသရာလည်လမ်းတရား (မှန်ပါ့)။

လည်လမ်းတရားနဲ့ ဟောမိပြန်လို့ ဒကာ ဒကာမတွေ ဤမျှလောက်နဲ့ တင်းတိမ်နေကြမယ်ဆိုလို့ရှိရင်လည်းတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ နဂိုကမှ မူးရူးနေအောင် လည်ပြီးသားထဲ နောက်ထပ်အလည်ခိုင်းတာပဲ. . . (မှန်ပါ့)။

ကိုပေါ်. . . ဆိုထိုက်. . . မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ထွက်ရပ်လမ်း တရား တစ်မျိုး။ ထွက်ရပ်လမ်းမဟုတ်တဲ့ လည်လမ်းတရားတစ်မျိုး ရှိတယ် (မှန်ပါ့)။

## ထွက်ရပ်လမ်းတရား

အဲဒီတော့ အခု ဆရာဘုန်းကြီးက သာသနာတွင်းဖြစ်တဲ့ ထွက်ရပ်လမ်းတရားဟောနေတယ်. . . (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဝဋ်သုံးပါးမှ ထွက်တဲ့တရား ဟောနေတော့ကို ဒီလမ်းကို ကိုယ်က ကြိုက်လည်း လိုက်ရုံပဲ၊ မကြိုက်လည်း လိုက်၊ သဘောကျပလား (ကျပါပြီဘုရား)။

ကြိုက်လည်း. . . (လိုက်ရမှာပဲ)၊ မကြိုက်လည်း (လိုက်ရမှာပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ကိုယ်မကြိုက်တာက အဝိဇ္ဇာမျက်လုံး၊ တဏှာမျက်လုံးတွေ ဖုံးနေသေးလို့ မကြိုက်တာ (မှန်ပါ့)။

## ခေါင်းဆောင်ကကောင်းနေတယ်

မကြိုက်ပေမယ့်လည်း ခေါင်းဆောင်ကကောင်းနေတော့ လိုက်သာလိုက်၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ခေါင်းဆောင်က ကောင်းနေတော့ (လိုက်ရမှာပါဘုရား) လိုက်ရမှာပဲတဲ့၊ ဘုရားဟောကို တစ်လုံးမှ မလွဲအောင် ဟောပြီး သကာလနေတော့ လိုက်ရမှာပဲ (မှန်ပါ့)။

ကိုယ်မကြိုက်လည်း လိုက်သာလိုက်၊ ကြိုက်လို့ရှိရင်လည်း သက်သက်လိုက်ရုံပဲ၊ မကြိုက်လို့ရှိရင်လည်း လိုက်ရုံပဲ (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ကြိုက်လည်းလိုက်၊ မကြိုက်လည်းလိုက်

ကြိုက်လည်း ဘာလုပ်ရမလဲ (လိုက်ရမှာပါဘုရား)၊ မကြိုက်လဲ (လိုက်ရမှာပါဘုရား)။

မကြိုက်တာက ကိုယ့်အသိဉာဏ် သေးသိမ်မှေးမှိန်နေလို့ မကြိုက်တာ (မှန်ပါ့)။

အဲဒီတော့ကွာ မျက်စိလည်နေတဲ့ လူတစ်ဦး တစ်ယောက်လိုပဲ လိုက်မှာပဲဆိုတာကိုသာ တစ်ခါတည်း မွေးထားပါ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တရားဟာ ဒကာ ဒကာမတို့ ထွက်ရပ်လမ်းတရား၊ ထွက်ရပ်လမ်းမဟုတ်တဲ့ တရားရယ်လို့ တရား နှစ်မျိုး ရှိတယ်နော် (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ထွက်ရပ်လမ်းမဟုတ်တဲ့ တရားနဲ့ ထွက်ရပ်လမ်း ဟုတ်တဲ့တရား ရှေ့ပိုင်းမှာ နည်းနည်း ပြောပေးပါမယ် ဒကာ ဒကာမတို့၊ ပြီးတော့ အလုပ်တရားလည်း ပြောရမှာပေါ့နော် (မှန်ပါ့)။

## ရှင်ဘုမိဇနှင့် ဇယသေနမင်းသား

ကိုင်း. . . ဒါဖြင့် ရှင်ဘူမိဇဆိုတာ ဘုရားလက်ထက်က ရှိတယ်၊ သူ့ဘွဲ့က ရှင်ဘူမိဇလို့ ခေါ်တယ်။

---

* ဥပရိပဏ္ဏာသပါဠိတော်က - ဘူမိဇသုတ်

ဗိမ္ဗိသာရမင်းကြီးရဲ့သား အဇာတသတ်တို့ရဲ့ညီပေါ့ကွာ၊ ဇယသေနဆိုတဲ့ မင်းသားကလည်း ရှိသေးတယ်၊ ဇယသေနက ရှင်ဘူမိဇကို နေ့တိုင်း ဆွမ်းဝတ်ပြုတယ်။

ဇယသေနဆိုတဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့သားက ရှင်ဘူမိဇ ဆိုတာနဲ့ တူအရီးလည်း တော်ပါတယ်နော်. . . (မှန်ပါ့)၊ ရှင်ဘူမိဇက ဦးကြီးပေါ့လေ၊ သူက တူပေါ့။

အဲဒီလို တူအရီးလဲ တော်နေတော့ ဆွမ်းဝတ်တည်တယ်၊ နေ့တိုင်းပဲတည်တယ်. . . (မှန်ပါ့)။

တစ်နေ့သ၌ကျတော့ ဇယသေနက လျှောက်တယ်၊ အရှင်ဘုရားတဲ့၊ ဒီ အခုလောကကြီးထဲ ဖြစ်နေတာ တပည့်တော် ကြားဖူးသလောက် လျှောက်ပါရစေဆိုတော့။ အေး. . . လျှောက်တာပေါ့ကွာတဲ့။

## ဆုတောင်းပြီးနေတဲ့ပုဂ္ဂိုလ်

အချို့ပုဂ္ဂိုလ်များ ဘုရားဆုတွေတောင်းပြီးသကာလ နေတတ်ပါတယ်၊ တောင်းပေမယ့်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရ, ရပါလို၏။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ, ရပါလို၏ဆုတောင်း တယ် ဦးဘကလေး. . . (မှန်ပါ့)။ မရဘူးဘုရားတဲ့။

ဆုတော့တောင်းသနော်၊ ရတော့. . . (မရပါဘုရား)၊ ဒါက ၁-နံပါတ်. . . (မှန်ပါ့)။

## ဆုမတောင်းဘဲလုပ်တဲ့ပုဂ္ဂိုလ်

အချို့ပုဂ္ဂိုလ်ကတော့လည်း မတောင်းပါဘူးတဲ့၊ မတောင်းဘဲနဲ့ပဲ သူလုပ်နေတာပဲ၊ အဲဒီ ပုဂ္ဂိုလ်လည်း နိဗ္ဗာန်ကို မရဘူးဘုရားတဲ့၊ အခု လောကကြီးထဲ ဖြစ်နေတာ၊ ဘုရားလက်ထက်က. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ သေသေချာချာမှတ်ပါနော်၊ ဆုတောင်းပြီး လုပ်ပြန်တော့လည်း ဘာတဲ့ (မရပါဘုရား)၊ ဆုမတောင်းဘဲနဲ့ လုပ်ပြန်တော့လည်း (မရပါဘုရား)။ နှစ်မျိုးရှိသွားပြီ. . . (မှန်ပါ့) မှတ်မိကြပြီ. . . (မှတ်မိပါပြီဘုရား)။

ဆုတောင်းပြီး လုပ်နေပြန်လည်း နိဗ္ဗာန်ကို (မရပါဘုရား)။ ဆုမတောင်းဘဲနဲ့ လုပ်နေပြန်ကော (မရပါဘုရား)။

ဒါဖြင့် ဘုရားတဲ့၊ လေးခုပြည့်အောင် လျှောက်ပါရစေ၊ အခု လောကကြီးထဲ လေးခွန်းသောစကား ဖြစ်နေတယ်တဲ့။

ဆုတောင်းချည်တစ်လှည့် မတောင်းချည်တစ်လှည့်လုပ်လည်း နိဗ္ဗာန်မရဘူးတဲ့၊ မတောင်းသည်မဟုတ်၊ တောင်းသယောင်ယောင် လုပ်လည်း မရပါဘူးတဲ့။

အဲဒါ ဒီလေးချက်ကို အရှင်ဘုရား ရှင်းပေးပါ၊ သူက မေးပုံ သိပ်ကောင်းတယ်နော် (မှန်ပါ့)။

ဆုတောင်းပြီးလုပ်လဲ (မရပါဘုရား) မတောင်းဘဲနဲ့ လုပ်

လဲ (မရပါဘုရား)၊ မရဘူးတဲ့၊ ကဲ ဟိုနှစ်ချက် အသာထားပါ တော့၊ ဒီအထဲ အတွင်းဝင်သွားပါပြီ။

ဒါ. . . အရှင်ဘုရားကတော့ ဘုရားနဲ့ နီးစပ်ပါတယ် ဘုရားတဲ့၊ အရှင်ဘုရား၏ ဆရာဘုရားက ဒီဟာမျိုးကို ဘယ်လို များ ဟောလေ့၊ ပြောလေ့ ရှိပါသတုံးလို့ မေးလိုက်တယ်နော်. . . (မှန်ပါ့)။

ကွာ. . . တဲ့၊ ရှင်ဘူမိဇက ဒီမင်းမေးတဲ့အမေးမျိုးနဲ့ အဖြေတရားတွေ ဟောတာတော့ မရှိဘူးကွတဲ့၊ ငါလည်း မနာ ရသေးဘူး ဆုတောင်းပြီးလုပ်လည်း မရဘဲကိုး. . . (မှန်ပါ့)၊ မတောင်းဘဲနေလည်း (မရပါဘုရား)။

မရဘူးတဲ့၊ ဟိုနှစ်ချက်က ဒီအထဲ အတူတူထားလိုက် တော့နော်. . . (မှန်ပါ့)။

အဲဒါ ငါ ဘုရားဆီတော့ တရား မနာဖူးသေးဘူးကွာ၊ သို့သော်လည်း ငါတော့ ထင်မြင်ချက်ရပါတယ်၊ မင်းကိုအဖြေ ပေးပါမယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## နှလုံးသွင်းမမှန်လို့ နိဗ္ဗာန်မရတာ

ငါတော့ဖြင့် ထင်မြင်ချက်ရပါတယ်၊ မင်းကို အဖြေပေး ပါ့မယ်တဲ့၊ ဆုတောင်းပြီးသကာလ သူ လုပ်ငြားသော်လည်း

နိဗ္ဗာန်မရဘူးဆိုတဲ့ ဥစ္စာက နှလုံးသွင်း မမှန်ဘူးကွ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဆုတောင်းပြီး လုပ်ငြားသော်လည်း (နှလုံးသွင်း မမှန်ပါဘုရား)၊ နှလုံးသွင်း မမှန်လို့ မရဘူး။

ဆုမတောင်းဘဲနဲ့ သူလုပ်နေတာ မရတာလည်း အဲဒါ နှလုံးသွင်းမမှန်လို့ပဲ မင်းမှတ်လိုက်ပါ (မှန်ပါ့)၊ နောက်နှစ်ချက်လည်း အတူတူပေါ့လေ. . . (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆုမတောင်းငြားသော်လည်း နှလုံးသွင်းမမှန်ရင် (မရပါဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့၊ ဤဆွမ်း ဤကွမ်းကြောင့် တပည့်တော် လူ့ပြည် နတ်ပြည် အကြိမ်ကြိမ်ခံစားပြီးသကာလ၊ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ရ, ရပါလို၏လို့ဆိုတော့၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် အကြိမ်ကြိမ်ခံစားပြီးသကာလမှ နိဗ္ဗာန်ရ, ရပါလို၏ဆိုတော့ကို သူဆုတော့ မတောင်းဘူးလား (တောင်းပါတယ်ဘုရား)။

တောင်းပင် တောင်းငြားသော်လည်း လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အဲ ဒုက္ခသစ္စာတွေ ကုန်တော့မှ ဒုက္ခသစ္စာကို အလုံးစုံ အကုန် တပည့်တော်တို့ ခံစားပါရစေဦး၊ နောက်မှ နိဗ္ဗာန်ယူပါရစေဆိုတော့ သူ့နှလုံးသွင်းဟာ မှန် - မမှန်. . . (မမှန်ပါဘုရား)၊ ဆုတောင်းမိလို့လည်း မရပါဘူးတဲ့ (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဆုတောင်းပြီး လုပ်ငြားသော်လည်း (မရပါဘုရား)၊ သူက ဒုက္ခသစ္စာအကြိုက်က ပါနေတာကို. . . (မှန်ပါ့)။

အဲဒီတော့ သူ့နှလုံးသွင်းမှန်သေးရဲ့လား (မမှန်ပါဘုရား)။

ဒုက္ခသစ္စာဆိုတာ မကြိုက်ရဘူးလား ဒကာ ဒကာမတို့ ဒုက္ခသစ္စာဆိုတာ ဒုက္ခသစ္စာမှန်း သိပြီးသကာလ သူ့ကို ရွံ့မုန်းရမယ် (မှန်ပါ့)။

အခုတော့ ရွံ့မုန်းတာ ပါသေးရဲ့လား (မပါ ပါဘုရား)။

ဒါဖြင့် နှလုံးသွင်းမမှန်ဘူးတဲ့၊ ဒါကြောင့် ဆုတောင်းပြီး လုပ်လည်း မင်းတို့မရပါဘူးတဲ့၊ ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဆုမတောင်းဘဲနဲ့ ဒီအတိုင်းနေပြီးသကာလလည်း ခန္ဓာကို နှလုံးမသွင်းဘဲနဲ့ တခြားနှလုံးသွင်းနေပြန်လို့ရှိရင်လည်း ရပါ့မလား (မရပါဘုရား)။

## နိဗ္ဗာန်ရဖို့ ဘယ်အပေါ်မှာ မှီနေသတုံး

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရဖို့ အရေးဟာ ဘယ်အပေါ်မှာ မှီနေသတုံးမေးတော့ နှလုံးသွင်းမှန်မှု အပေါ်မှာ မှီနေ တယ် (မှန်ပဲ့)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ရဖို့အရေးဟာ (နှလုံးသွင်းမှန်မှု အပေါ်မှာ တည်နေပါတယ်ဘုရား)။

နှလုံးသွင်းမှန်မှုအပေါ်မှာ တည်နေတယ်၊ ဦးဘကလေး ရိပ်မိပလား (မှန်ပဲ့)။

နိဗ္ဗာန်ရဖို့အရေးဟာ (နှလုံးသွင်းမှန်မှုအပေါ်မှာ မူတည်ပါတယ်ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ရဖို့အရေးဟာ ဆုတောင်း အရေးမဟုတ်ဘူး၊ နှလုံးသွင်းမှန်ရင် ရရမယ် (မှန်ပဲ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

နှလုံးသွင်းမှန်ရင် (ရ, ရပါမယ်ဘုရား)။

ဒကာ ဒကာမတွေ နိဗ္ဗာန်ရချင်ရင် ဘာလုပ်ရမလဲ (နှလုံးသွင်းမှန်ရပါမယ်ဘုရား)။

## ဆရာသမားအပေါ်မှာ သိပ်မှီတယ်

နှလုံးသွင်းမှန်ရမယ်ဆိုတော့ ပင်ကိုယ်ကတော့ ဘယ်သူ

မှ မှန်မယ်မဟုတ်ပါဘူးနော် (မှန်ပါ့)၊ ဆရာသမား အကူ အညီနဲ့ ပေးလို့ရှိရင် နှလုံးသွင်းမှန်လာမှာပဲ (မှန်ပါ့)။

ပင်ကိုယ်ကတော့ဖြင့် ဘယ်သူမှ မှန်မှာ မဟုတ်ပါဘူး တဲ့၊ ဆရာသမား အကူအညီရရင်တော့ ဘာဖြစ်မယ် ထင်ကြ သလဲ (မှန်ပါမယ်ဘုရား) နှလုံးသွင်း မှန်လာမယ်။

အဲဒီတော့ကိုတဲ့ နှလုံးသွင်းမှန်ဖို့ အရေးသည်ကားဆိုလို့ ရှိရင် ဆရာသမားအပေါ်မှာ သိပ်မှီတယ်ဆိုတာကိုလည်း ဒကာ ဒကာမတွေ မှတ်ထားကြပါ။

ကဲ. . . ဒါဖြင့် နှလုံးသွင်း မှန်လို့ရှိရင်ဖြင့် ဒကာ ဒကာမ တို့ ဆုမတောင်းလည်းရပါတယ်၊ တောင်းလည်း (ရပါတယ်)၊ နှလုံးသွင်းမှားနေလို့ရှိရင်ဖြင့် ဆုတောင်းလည်း (မရပါ)၊ ဆုမ တောင်းလည်း (မရပါ)၊ မရဘူးဆိုတော့ဖြင့် ဩော်. . . ဒါဖြင့် အအို-အနာ-အသေဇာတ်သိမ်းတဲ့ အရေးမှာဖြင့် ကိုယ့်နှလုံး သွင်း မှန်ဖို့ အရေးကြီးပါလား၊ မှတ်မိကြပလား (မှတ်မိပါပြီ)၊ ဆုတောင်းလည်း နှလုံးသွင်းမှားရင်တော့ဖြင့် (မရပါဘုရား)၊ ဆုမတောင်းဘဲနဲ့ လုပ်နေလည်း (မရပါဘုရား)၊ နှလုံးသွင်းမှား ရင် မရဘူးဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ နှလုံးသွင်း မှန်မှုကလေးဟာ အလွန်အရေးကြီးတယ်ဆိုတာ ပေါ်လာကြ ပလား (ပေါ်လာပါပြီဘုရား)။

## ဘုရားထံသွားလျှောက်တယ်

ဒါနဲ့ ဒါကလေး နည်းနည်းဆက်ပြီး နားထောင်ပါဦး၊ အရှင်ဘုရားတဲ့၊ ဇယသေန - က အရှင်ဘုရား၊ ဘုရားနဲ့တွေ့တဲ့ အခါ မေးပါဦးဆိုတဲ့ ဒီဥစ္စာကိုဆိုတော့၊ အေးကွာ. . . ငါလည်း မေးပါဦးမယ်၊ ငါ့အဖြေကတော့ ဒါပဲပော့ ဆိုပြီးသကာလ ထွက်သွားတယ်၊ ထွက်သွားပြီး ဘုရားဆီသွားလျှောက်တယ်။

ဇယသေနက ဒီလို ဒီလိုမေးပါတယ်ဘုရား၊ ဆုတောင်း ပြီးလုပ်လည်း နိဗ္ဗာန်မရဘူး၊ ဆုမတောင်းဘဲနဲ့လုပ်လည်း နိဗ္ဗာန် မရဘူး၊ ဆုတောင်းချည်တစ်လှည့်၊ မတောင်းချည်တစ်လှည့်နဲ့ လုပ်လည်း နိဗ္ဗာန်မရဘူး၊ မတောင်းသည်မဟုတ်၊ တောင်း သယောင်ယောင်နဲ့လုပ်လည်း နိဗ္ဗာန်မရပါဘုရား. . . ဆိုတော့ ကို တပည့်တော်ဟာ နှလုံးသွင်းမှားမှုလို့ ဖြေလိုက်ပါတယ်။

## ဆီဆုံထဲ သဲထည့်ကြိတ်ရင်

ကွာတဲ့. . . ဒီလိုလုပ်ပါ၊ ငါ ဥပမာပြပါမယ်တဲ့၊ မင်းတို့ ကို ဘုရားရဲ့ဥပမာကိုရှင်းပြမယ်၊ ဒကာ ဒကာမတို့ ဆီဆုံထဲမှာ နော်၊ သဲတွေထည့်ပြီးသကာလ နွားနဲ့ပဲ လှည့်ကြိတ်ကြိတ်၊ စက် နဲ့ပဲကြိတ်ကြိတ်၊ မောင်နိုင် ဆီထွက်စေသတည်းလို့ ဆုတောင်း . . . (မထွက်ပါဘုရား)၊ မထွက်စေသတည်းလို့ ဆုတောင်းရင်

လည်း. . . (မထွက်ပါဘုရား)။

ဘာဖြစ်လို့လဲ. . . (မမှန်လို့ပါဘုရား)၊ မမှန်လို့ ထွက်ကြောင်းမမှန်လို့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါကတော့ သူ့အကြောင်း မမှန်တော့ မထွက်ဘူးပေါ့ဗျာ. . . (မှန်ပါ့)၊ ဒီမှာလည်း ဒကာ ဒကာမတွေက နှလုံးသွင်း မမှန်လို့ရှိရင် နိဗ္ဗာန်ရ ရပါလို၏ဆိုလည်း မရပါဘူး. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

နှလုံးသွင်း မမှန်လို့ရှိရင်ဖြင့်. . . (မရပါဘုရား)၊ ဘယ်နည်းနှင့်မှမရဘူးဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

နှလုံးသွင်း မမှန်လို့ရှိရင်ဖြင့် နိဗ္ဗာန်ရ ရပါလို၏ဆိုလည်း မရဘူး၊ ဟုတ်လား၊ နိဗ္ဗာန်ရောက်ကြောင်းအလုပ်ကို လုပ်နေပြန်လည်း. . . (မရပါဘုရား)၊ နှလုံးသွင်းက မမှန်ဘူး. . . တဲ့။

ကဲ. . . သဲတွေထည့်ကြိတ်ပြီး ဆီထွက်စေသတည်းဆိုလည်း မထွက်ပါဘူး. . . (မှန်ပါ့)၊ မထွက်စေသတည်းဆိုလည်း . . . (မထွက်ပါဘုရား)၊ မထွက်ပါဘူးတဲ့၊ သူ့အမျိုးမမှန်ဘူးတဲ့ . . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ရွှံ့တွေထည့်ပြီး ဆီဆုံထဲကြိတ်ကွာ ထွက်ပါ့မလား . . (မထွက်ပါဘုရား)

ကဲ . . . ဒါဖြင့် နှမ်းတွေကို တစ်ခါတည်းရေဆေးပြီး သကာလ ဒကာဒကာမတွေ ဆီဆုံထဲထည့်၊ ထွက်စေသ တည်းဆိုလဲ (ထွက်ပါတယ်ဘုရား)၊ မထွက်စေသဘည်းဆိုလဲ (ထွက်ပါတယ်ဘုရား)၊ ဘာဖြစ်လို့ အမျိုးမှန်လို့ (မှန်ပါ့)။

ဒီမှာလည်း နိဗ္ဗာန်ရချင်လို့ရှိရင် ခင်ဗျားတို့ ဘာမှ ဒီပြင်ဟာစိတ်ကူးမနေနဲ့၊ ခန္ဓာကိုယ်ပေါ်မှာ နှလုံးသွင်းမှန်လို့ ရှိရင်ဖြင့် ရ, ရပါလိုဆိုလဲရမှာပဲ မဟုတ်လား (မှန်ပါ့) ၊ မရ. ရပါလို၏ဆိုလဲ (ရမှာပါဘုရား)၊ ရမှာပါ။

ဒါဖြင့် ခန္ဓာပေါ်မှာ နှလုံးသွင်းမှန်မှုဆိုတဲ့ အရေးဟာ အင်မတန်ကြီးတဲ့ အရေးဆိုတာ ပေါ်ကြပလား. . . (ပေါ်လာ ပါပြီ)။

ပေါ်ပါပြီတဲ့၊ ဒါဖြင့် ဒကာဒကာမတို့ ရှင်းပေးပါ တော့မယ်ဆိုတော့ နှလုံးသွင်းမှန်မှုကလေး ရှင်းမယ်နော် (မှန်ပါ့ ဘုရား)။

ကိုင်း . . . ဒကာဒကာမတို့နှလုံးသွင်းမှန်မှု ဆိုတာတော့ဖြင့် ဒကာဒကာမတို့ အလုပ်ထိုင်မှပဲ နှလုံးသွင်း မှန်လာတယ် (မှန်ပါ့)၊ အလုပ်မထိုင်ဘဲနဲ့ သားရေး, သမီးရေး. စီးပွားရေးကြားထဲမှာတော့ နှလုံးသွင်းမှန်မှု မလာဘူး (မှန်ပါ့)။

ကဲ . . . ဒါဖြင့် ဒကာဒကာမတွေက ပထမရှေးဦးစွာ အိမ်မှာလုပ်လုပ်၊ ကျောင်းမှာပဲ လာလုပ်ကြလုပ်ကြပေါ့ဗျာ၊ ခင်ဗျားတို့ အကုန်လုပ်နေကြတာပဲ၊ သိပြီးသားတွေပဲ။

## ရှေးဦးစွာ သမာဓိတည်အောင်လုပ်

ရှေးဦးစွာ လေကလေးထွက်တာသိ ဝင်တာသိပြီး သမာဓိတည်အောင် နည်းနည်းကလေး ၁၅-မိနစ်၊ မိနစ် ၂၀ လောက်လုပ်ကြည့်လိုက်နော် (မှန်ပါ့)၊ မလုပ်သေးတဲ့ ပုဂ္ဂိုလ်အတွက် ပြောတာပါ (မှန်ပါ့)၊ လုပ်ပြီးသား ဖြစ်ပျက်စတွေ့တဲ့ ပုဂ္ဂိုလ်မျိုး ဒါကစ၊ နေဖို့မလိုပါဘူး (မှန်ပါ့)။

မလုပ်သေးတဲ့ ပုဂ္ဂိုလ်ကျတော့ ထိုင်ပြီးသကာလ၊ လေကလေး ထွက်လာလဲ ဒီနားမှာ တိုက်သွားတာကလေး ထွက်ပြန်ပြီလို့ သိလိုက်ရင် ပြီးတာပဲ၊ ဝင်လာပြန်လဲ ဝင်ပြီလို့ သိလိုက်ရင် (ပြီးပါတယ်ဘုရား)။

## ထွက်တိုင်းသိ ဝင်တိုင်းသိ

ဒီလိုချည်းထွက်တိုင်းသိ ဝင်တိုင်းသိ၊ ထွက်တိုင်းသိ ဝင်တိုင်းသိဆိုတော့ စိတ်ဟာ သမာဓိဟာ ဘယ်မှမပြေးတော့ဘူး၊ တစ်သီတည်း သိနေတာပဲ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီစိတ်ကို ကိုယ်နိုင်ပြီလို့ ဆိုရင်ဖြင့် သူခါတိုင်း တောင်ပြေး မြောက်ပြေး ပြေးတယ်၊ အခု ပြေးသေးရဲ့လား၊ (မပြေးပါဘုရား)။

ထွက်သက် ဝင်သက် ချည်တိုင်မှာ သတိတည်းဟူသော ကြိုးနဲ့ချည်ထားပြီးပြီ၊ ဒီစိတ်ကို၊ ဝမ်းထဲကစိတ်ကို ချည်ထားပြီးပြီ (မှန်ပါ့)။

အဲဒါ သူနဲ့ သူ့သမာဓိနဲ့ တွဲမနေဘူးလား (တွဲနေပါတယ် ဘုရား)၊ အဲ တွဲနေတဲ့အခါကျတော့ အဲဒီလိုတည်ပြီး နေတဲ့ အခါကျတော့မှ တော်တော်ကလေး တည်ဖော်ရပြီ ဆိုလို့ ရှိရင်၊ သူ့ကို အသာကလေးထားပြီး ရှုမြဲတိုင်း ရှု၊ ရှုက်မြဲ တိုင်း ရှုက်သိနေတာပေါ့(မှန်ပါ့ဘုရား)။

## ထူးထူးခြားခြားဘာပေါ်သတုံး

သိရာကနေပြီးတော့ ခန္ဓာကိုယ်ထဲမှာ ပူလာသလား၊ အေးလာသလား၊ လှုပ်လာသလား၊ ရွလာသလား၊ ထူးထူး ခြားခြား ဘာပေါ်သတုံးဆိုတာကို ခင်ဗျားတို့ သမာဓိ တည်လာ တော့ ခန္ဓာကိုယ်က ပြောလိမ့်မယ်၊ သဘောကျပလား (ကျပါပြီ ဘုရား)။

ဘယ်သူက ပြောမယ်ထင်သတုံး (ခန္ဓာကိုယ်က ပြောမှာ ပါ ဘုရား)။

## ခန္ဓာကိုယ်က ပြောလိမ့်မယ်

ခန္ဓာကိုယ်က ပြောလိမ့်မယ်၊ ယားတယ်၊ နာတယ်၊ ကိုက်တယ်၊ ကျဉ်တယ်၊ ညောင်းတယ် ဒီလိုလည်း ပြောချင်ပြောလိမ့်မယ်၊ ပူတယ်၊ အေးတယ်၊ လှုပ်တယ်၊ ငြိမ်တယ် ဒါလဲပြောချင်ပြောလိမ့်မယ်၊ သမာဓိရှိတော့ ဘယ်ဟာက

ပြောပြော မသိပေဘူးလား (သိပါတယ်ဘုရား)၊ သမာဓိမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်ဟာက ပြောပြော (မသိပါဘုရား)။

လောကီဥပမာနဲ့ ဘုန်းကြီး နည်းနည်းယှဉ်ပြရင် ခင်ဗျားတို့ ရှင်းပါတယ်၊ ညလူခြေတိတ်နေတဲ့ အချိန်ကျတော့ ဟောဒီတိုက် တော်တော်မြင့်ပါတယ်၊ ၁၈-ပေလောက် မြင့်ပါတယ်၊ အဲဒီပေါ်ကနေပြီးသကာလ အိမ်မြှောင်ငယ် ကလေးကျလာတာတောင် အောက်မှာ ဘယ်သူမှမရှိတဲ့ အချိန်မှာ ကြားနိုင်တယ်၊ မကြားနိုင်ဘူးလား (ကြားနိုင်ပါတယ် ဘုရား)။

ခုလို လူများတဲ့အချိန်ကျတော့ အိမ်မြှောင်ကျတာ သိပ့်ါမလား . . . (မသိပါဘုရား)၊ ဘာဖြစ်လို့တုံး ဟိုက စက်သံကလဲ ရှုပ်နေတယ်၊ နောက်ပြီး ဒီက လူသံတွေကလဲ ရှုပ်နေတယ်၊ (မှန်ပါ့)၊ မငြိမ်မဆိမ်ရင်တော့ တော်ကြာကျတော့ ပြင်းထန်တဲ့ အသံတောင်ကြားရရဲ့လား (မကြားရပါဘူး ဘုရား)။

အဲ . . . ထိုနည်းအတူပဲ စိတ်ငြိမ်ငြိမ်ခိုင်တဲ့ ဒီနေရာမှာ သမာဓိလေး တည်တည် ဒီနေရာက ဘယ်မှ မပြေးဘူးဆိုတဲ့ အချိန်ကျတော့ ခန္ဓာကိုယ်ထဲက ဟိုက လှုပ်တာလဲသိတာပဲ၊ ဒီက ပူတာလဲ သိတာပဲ၊ အေးတာလဲ သိတာပဲ ဟုတ်လား . . . ယားတာလဲ သိတာပဲ၊ နာတာလဲ သိတာပဲ၊ ကောင်းတာ လဲ သိတာပဲ . . . ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီလို သိလာလို့ရှိရင်ဖြင့် သမာဓိအားကြီးတဲ့ ပုဂ္ဂိုလ်ကျတော့ ခန္ဓာကိုယ်က ပြောတာဟူသ၍ အကုန်မသိဘူးလား (သိပါတယ်ဘုရား)။

အဲဒီလို သိလာတာသည် ခန္ဓာ၏ ပင်ကိုယ်သဘောလား၊ အခုမှ သမာဓိရလို့ သူပြောတာတွေ အကုန်သိတာလားလို့ မေးလို့ရှိရင် ဘယ်နှယ့်ဖြေကြမယ် (ခန္ဓာ၏ သဘောပါဘုရား)။

ခန္ဓာ၏ သဘောတွေ . . . (မှန်ပါ့)၊ ဘယ်သူက ပြောသတုံး (ခန္ဓာက ပြောပါတယ်ဘုရား)၊ ခန္ဓာ၏သဘော ခန္ဓာကပြောတယ် (မှန်ပါ့)၊ ခန္ဓာကြီးက သူ့သဘောက ဒီလိုပဲဆိုတာ ဘယ်သူပြောသတုံး (ခန္ဓာကပြောတာပါ ဘုရား)။

## အလုပ်သင်နေတယ်လို့ အောက်မေ့စမ်းပါ

ဩော် . . . ခန္ဓာက ပြောတယ်ဆိုတော့ ဒါဒီနေ့ည အလုပ်သင်နေတယ်လို့ အောက်မေ့စမ်းပါနော် (မှန်ပါ့ဘုရား)။

ခန္ဓာက ပြောတယ်ဆိုတော့၊ ဩော် . . . ခန္ဓာသည် ကားလို့ ဆိုလို့ရှိရင် သူ့သဘောကဖြင့်၊ ဟိုနေရာ တစ်မျိုး, ဒီနေရာ တစ်ဖုံပါကလားဆိုတာ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

အင်း . . . အရင်သမာဓိ မရခင်တုန်းကတော့၊ စိတ်မတည်ခင် တုန်းကတော့ ဖောက်ပြန်နေပြားသော်လည်း

ဘယ်လိုမှ မသိဘူး၊ (မှန်ပါ့)၊ သိရဲ့လား (မသိပါဘုရား)။

အခုတော့ သမာဓိကလေး ၁၅-မိနစ်၊ မိနစ် ၂၀ ဖမ်းပြီး တော့မှ ဖမ်းနေရင်းမတ္တနဲ့ ခန္ဓာကဖောက်ပြန်နေတာတွေ ကြည့်လိုက်တော့ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဖောက်ပြန်တာသည် ခန္ဓာထဲက ထူးခြားတာတွေ၊ နာတာတွေ၊ ကိုက်တာတွေ၊ ကောင်းတာတွေ စိတ်အမျိုးမျိုးပေါ်တာတွေ သိလာပါလိမ့်မတုံး မေးလို့ရှိရင် မောင်နိုင် ဘယ့်နှယ်ဖြေပါ့မလဲ (သမာဓိ ရလို့ပါဘုရား)။

ဒါကြောင့် ဘုရားက 'သမာဟိတော ယထာဘူတံ ပဇာနာတိ' သမာဓိသုတ်တွေ နည်းတာတွေမဟုတ်ဘူး၊ သံယုတ်တို့, အင်္ဂုတ္တိုရ်တို့မှာနော် (မှန်ပါ့)။

သမာဟိတော-သမာဓိရှိသော ပုဂ္ဂိုလ်အား၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ-ခန္ဓာအပေါ်၌ သိ၏။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

သမာဓိတရားရှိတဲ့ ပုဂ္ဂိုလ် ခန္ဓာအပေါ်၌ ဘာတွေ သိသလဲ (ဟုတ်တိုင်းမှန်စွာ သိပါတယ်ဘုရား)။

## ဟုတ်တိုင်းမှန်စွာ သိတယ်ဆိုတာ

ဟုတ်တိုင်းမှန်စွာသိတယ်ဆိုတော့၊ ဘယ်လိုဟုတ်ပြီး ဘယ်လိုမှန်တာ သိပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့၊ ခန္ဓာက ယားတယ်လို့ပြောလို့ရှိရင် ကျုပ်ဟာ ဝေဒနာက္ခန္ဓာပဲလို့ ပြောတာ

(မှန်ပါ့)၊ နာတယ်လို့ပြောလဲ ဝေဒနာက္ခန္ဓာလို့ပြောတာ၊ ကောင်းတယ်လို့ ပြောပြန်တော့ကော . . . (ဝေဒနာက္ခန္ဓာလို့ ပြောတာပါ)။

ဝေဒနာက္ခန္ဓာလို့ ပြောတာပဲ၊ အလတ်စားကလေး ရှိတယ်လို့ ပြောပြန်တော့ကော . . . (ဝေဒနာက္ခန္ဓာလို့ ပြောပါတယ် ဘုရား)။

ဒါဖြင့် ဘယ်သူက ပြောသတုံး . . . (ခန္ဓာက ပြောပါတယ် ဘုရား)။

ဩော် . . . ခန္ဓာကပြောတာကိုး၊ ခန္ဓာထဲက ဝေဒနာ အမျိုးမျိုး ပေါ်နေပါကလားလို့ကော မသိဘူးလား (သိပါတယ် ဘုရား)၊ စိတ်တွေအမျိုးမျိုး ပေါ်နေတယ် (သိပါတယ်ဘုရား)၊ ရုပ်တွေက ပူလိုက်၊ အေးလိုက်၊ လှုပ်လိုက်၊ ငြိမ်လိုက်ကော (သိပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် သိပါလိမ့် မတုံးမေးတော့ . . . (သမာဓိတည်လို့ပါ ဘုရား)။

ဒါဖြင့် ပါဠိတော်နဲ့ ကိုက်သလား (ကိုက်ပါတယ် ဘုရား)၊ သမာဟိတော = တည်ကြည်ပြီးသော ပုဂ္ဂိုလ်အား၊ ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ = ခန္ဓာက ပြောတာ သိ၏။ မသိသေးဘူးလား (သိပါတယ်ဘုရား)။

## ခန္ဓာက အမျိုးမျိုးပြောနေတယ်

ဒီတော့ အိမ်ရောက်စမ်းကြည့်ပါ ဒကာဒကာမတို့နော် (မှန်ပါ)၊ စမ်းကြည့်တဲ့အခါကျတော့ ဩော် . . . ခန္ဓာက ဒီလို ဒီလိုပြောနေပါကလား၊ တော်တော်ကြာ ဒီကနာ၊ ဟိုကကိုက်၊ ဒီကကိုက်၊ ဟိုစိတ်ကလေးတွေ သီးသန့် ပေါ်လာလိုက်၊ ဟို အရုပ်တွေက ပူလိုက် - အေးလိုက်၊ တုန်လိုက်လှုပ်လိုက်၊ ဟာ . . . ပိန်လိုက်ဖောင်းလိုက်၊ အမျိုးမျိုးအဖုံဖုံ ခန္ဓာက ပြောနေတယ်၊ မပြောဘူးလား (ပြောပါတယ်ဘုရား)။

အဲဒါ ဘယ်သူကပြောတာတုံး ဒကာဒကာမတို့ (ခန္ဓာက ပြောတာပါဘုရား)၊ ခန္ဓာက ပြောတာဆိုတာ သေချာ ပလား (သေချာပါပြီ ဘုရား)။

## ခန္ဓာဆိုတာဖေါက်ပြန်ပျက်စီးတာ

ခန္ဓာက ပြောတာ သေချာတော့ကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော် . . . ဒီဥစ္စာ၊ ခန္ဓာဆိုတာ နဂိုက ဒို့ဘုရား က ဟောထားတာက ဖောက်ပြန်ပျက်စီးတာကို ဟောတယ် (မှန်ပါ)၊ ဒီခန္ဓာဆိုတာ ဖောက်ပြန်ပျက်စီးတာ (မှန်ပါ)။

ခန္ဓာဆိုတာ (ဖောက်ပြန် ပျက်စီးပါတယ် ဘုရား)။

အဲဒီတော့ အခု အသစ်ပေါ်လာတာကလေးဟာ နဂိုက ပင်ကိုယ်သဘောစွန့်ပြီး ပေါ်လာတာ (မှန်ပါ)၊ ဒါဖြင့် သူ့ကို ဖောက်ပြန်တယ်လို့ မဆိုရဘူးလား (ဆိုရပါတယ်ဘုရား)။

အဲဒီဖောက်ပြန်တာကလေးပဲ သမာဓိရှိတဲ့ပုဂ္ဂိုလ်က ကြည့်လိုက်ပြန်တော့ ဖောက်ပြန်တာကလေး ပျောက်သွားတယ် (ပျောက်သွားတယ်ဘုရား) မပျောက်ဘူးလား (ပျောက်သွားပါတယ် ဘုရား)။

ဒါဖြင့် ဖောက်ပြန်တာက ပေါ်လာတာ၊ ပျက်စီးတာက ပျောက်တာ (မှန်ပါ့)။

ဖောက်ပြန်တာက (ပေါ်လာတာပါဘုရား)၊ ပျက်စီးတာက (ပျောက်တာပါဘုရား)။

ပျောက်သွားတော့ ဩော် . . . ဖြစ်လိုက်၊ ပျက်လိုက်ပဲ ပြန်ရောက်တယ် (မှန်ပါ့)။

ဘာပြန်ရောက်သလဲ . . . (ဖြစ်လိုက်၊ ပျက်လိုက်ပဲ ပြန်ရောက်ပါတယ် ဘုရား)။

ဖြစ်လိုက်၊ ပျက်လိုက် ပြန်ရောက်တော့ ဩော် . . . ခန္ဓာကိုယ်ထဲမှာ အဖြစ်နဲ့ အပျက်သာရှိပါကလား၊ မတွေ့ကြသေးဘူးလား (တွေ့ပါတယ်ဘုရား)။

ဦးဘကလေး ဘာတွေတွေ့သလဲ (အဖြစ်အပျက်တွေ တွေ့ပါတယ်ဘုရား)။

ခန္ဓာကိုယ်ထဲ ဖြစ်မှုနဲ့ ပျက်မှုပဲ ရှိတယ် (မှန်ပါ့)၊ အိမ်ကျလို့ရှိရင်တစ်ခါတည်း သမာဓိကလေး ၁၅ မိနစ်လောက် ဖမ်းပြီးတော့ ခန္ဓာစောင့်ကြည့်နေကြ၊ စောင့်ကြည့်နေတဲ့ အခါကျတော့ ခန္ဓာကဖောက်ပြန်တာနဲ့ ပျက်စီးတာကို သူပြောလိမ့်မယ် (မှန်ပါ့)။

ဝေဒနာကလေး ပေါ်လာရင် ဖောက်ပြန်တာ (မှန်ပါ့)၊ နဂိုက မရှိဘဲကိုးဗျ၊ အခုမှ ဖောက်ပြန်လာတာ။

သုခပေါ်လဲ ဖောက်ပြန်လာတာပဲ၊ သုခကလေး ပျောက်သွားတော့ (ဖောက်ပြန်တာ)၊ ပျက်စီးတာ၊ ပျောက်တော့ ပျက်စီးတာ ကိုပေါ်ရဲ (မှန်ပါ့)၊ ပေါ်လာတော့ (ဖောက်ပြန်တာပါ ဘုရား)။

ပေါ်လာတာက ပင်ကိုသဘောထဲကမှ ထူးခြား ပေါ်လာတာ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ထူးခြားပေါ်တာက ဘာတုံး . . . (ဖောက်ပြန်တာ ပါဘုရား)။

ဖောက်ပြန်တာကလေးပဲ စိုက်ကြည့်တော့ (ပျက်စီး ပါတယ် ဘုရား)၊ ပျက်စီးတာမြင်တော့ ဩော် . . . ခန္ဓာကိုယ် ထဲမှာ ဖောက်ပြန်ပျက်စီးတာသာ ရှိပါကလား (မှန်ပါ့)။

ဘယ်လိုဆိုကြမယ် (ဖောက်ပြန်ပျက်စီးတာသာ ရှိပါတယ် ဘုရား)၊ ဖောက်ပြန်ပျက်စီးတာသာ ရှိတယ်ဆိုတာ ရှိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ပဟာဒီကျတော့မှ ဩော် . . . ခန္ဓာထဲမှာ ဖောက်ပြန် တာနဲ့ ပျက်စီးတာပဲရှိတယ်၊ အသစ်ပေါ်လာတာက ဖောက်ပြန် တာ၊ ပေါ်လာတာကလေး ပျောက်သွားတာက ပျက်စီးတာ (မှန်ပါ့၊ ပျက်စီးတာပါ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ဖောက်ပြန်ပျက်စီးတာကလေးချည့် တွေ့နေ တော့ ဩော် . . . ယောကျ်ားလဲမဟုတ်ဘူး၊ မိန်းမလဲ မဟုတ်ဘူး၊ ဒိဋ္ဌိတွေ ဘာတွေ ခွာစရာမလိုတော့ဘူး၊ ဖောက်ပြန် ပျက်စီးတာပဲ တွေ့နေတယ်၊ ဒီအခါကျတော့ မျက်နှာကလေးကလည်း မပေါ်လာဘူး၊ ဆံပင်တွေလဲ မပေါ်လာဘူး၊ ကိုယ့်ဟာ ကိုယ် ဉာဏ်ကလေးနဲ့ ကြည့်နေတော့၊ ဖောက်ပြန်တာနဲ့ ပျက်စီးတာ တွေ့နေတော့၊ ယောကျ်ား,မိန်းမ အလိုလိုပျောက်နေတယ် (မှန်ပါ့)၊ မပျောက်ဘူးလား (ပျောက်ပါတယ် ဘုရား)။

ဖောက်ပြန်ပျက်စီးတာကလေးသာ ကြည့်နေစမ်း ဒကာဒကာမတို့ ဘာတွေ ပျောက်သွားတုံး . . . (ယောကျ်ား, မိန်းမ ပျောက်သွားပါတယ်ဘုရား)။

## ဉာဏ်ထဲဘာတွေပေါ်နေသတုံး

ယောကျ်ား၊ မိန်းမ၊ သားတွေ၊ သမီးတွေ၊ ဆွေတွေ၊ မျိုးတွေ (ပျောက်သွားပါတယ်ဘုရား) ကိုယ့်ခန္ဓာမှာလည်း ငါလည်းပျောက်၊ သူလည်းပျောက်၊ လက်လည်းပျောက်၊ ခြေလည်းပျောက်၊ ဒါတွေပျောက်၊ အကုန်ပျောက်၊ ဉာဏ်ထဲ ဘာတွေပေါ်နေသတုံး (ဖောက်ပြန်ပျက်စီးတာပဲပေါ်ပါတယ် ဘုရား)။

အင်း . . . အသစ်ပေါ်လာတာရယ်၊ ပျက်စီးသွား

တာရယ်၊ ယားတာကလေးကြည့်လိုက်ပြန်လည်း ပေါ်လိုက် ပျောက်လိုက်၊ နာတာကလေးကြည့်လိုက်ပြန်တော့လည်း ပေါ်လိုက် ပျောက်လိုက်၊ ခံသာတာလေးလာပြန်တော့လည်း (ပေါ်လိုက် ပျောက်လိုက်ပါ ဘုရား)။

စိတ်အမျိုးမျိုးပေါ်ပြန်ကော (ပေါ်လိုက် ပျောက်လိုက်ပါ ဘုရား) ရုပ်တွေက ပူလိုက် အေးလိုက်တာကော (ပေါ်လိုက် ပျောက်လိုက်ပါ ဘုရား)။ အပူကလေး ပေါ်လာလိုက်၊ အပူကလေး ပျောက်သွားလိုက်၊ အအေးကလေး ပေါ်လာလိုက်၊ (အအေးကလေး ပျောက်သွားလိုက်ပါ ဘုရား)။

ဩော် . . . ခန္ဓာကိုယ်ထဲမှာ ဘယ်မှာ ယောက်ျား၊ မိန်းမဆိုတာက အရပ်ကပြောတာပါကလား၊ ဒို့အမေ အဖေ သင်ထားလိုက်တဲ့ အသွားပါကလား၊ သေသေချာချာ သမာဓိ တည့်တည့်နဲ့ ဉာဏ်မျက်လုံးနဲ့ မျက်လုံးမှိတ်လိုက်တဲ့အခါကျ တော့ ဉာဏ်မျက်လုံးက လာပွင့်တယ်၊ သဘောကျပလား (ကျပါပြီ ဘုရား)။

## ဉာဏ်မျက်လုံးဖွင့်ကြည့်

ပကတိမျက်လုံးပိတ်ပြီး သကာလ ငါးဒွါရပိတ်ပြီး သကာလ မနောဒွါရဆိုတဲ့ ဉာဏ်မျက်လုံး ဖွင့်ကြည့်လိုက်တဲ့ အခါကျ

တော့ ဒကာ၊ ဒကာမတွေ ဘာတွေ တွေ့နေသလဲ (ဖောက်ပြန် ပျက်စီးတာတွေ တွေ့နေပါတယ်ဘုရား)။

အဲ . . . ဖောက်ပြန်ပျက်စီးတာတွေချည်း တွေ့နေမယ် ပေါ်လာရင် ဖောက်ပြန်ပြီး ပေါ်လာတာကလေး မရှိပြန်ရင် . . . (ပျက်စီးသွားပါတယ်ဘုရား)။

အဲ . . . ဒီလိုချည်း ဒကာ၊ ဒကာမတွေက ငါးမိနစ် လောက် ကြည့်ကြည့်၊ ဆယ်မိနစ်လောက် ကြည့်ကြည့်၊ ကြည့်ချင်သလောက်ကြည့်၊ ကြာတော့ ခန္ဓာထဲမှာ ဖောက်ပြန် ပျက်စီးမှုမှတစ်ပါး၊ ယောက်ျား လည်းမရှိဘူး၊ မိန်းမလည်းမရှိဘူး၊ သဘောကျပလား (ကျပါပြီဘုရား)။

## ဖောက်ပြန်ပျက်စီးတာတွေချည်းတွေ့တယ်

ငါလည်းမရှိဘူး၊ သူလည်းမရှိဘူး၊ သေသေချာချာ ဉာဏ်နဲ့ကြည့်တော့ ဘာတွေတွေ့သလဲ (ဖောက်ပြန် ပျက်စီး တာတွေ တွေ့ပါတယ် ဘုရား)။

ဖောက်ပြန်ပျက်စီးတာပဲ တွေ့ပြီးသကာလနေတော့ ဩော် . . . ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဝိပရိဏာမလက္ခဏံ (ဒုက္ခသစ္စံပါ ဘုရား)။

ဝိပရိဏာမလက္ခဏံ = ပင်ကိုသဘောကို စွန့်စွန့်

သွားခြင်းသည်၊ ဒုက္ခသစ္စံ = ဒုက္ခသစ္စာမည်၏ ဆိုသဖြင့် ဖောက်ပြန်တာဟာလဲ ပင်ကိုအနေသဘောကို စွန့်တာပဲ (မှန်ပါ့) ပျက်စီးသွားတာလဲ (ပင်ကိုသဘောကို စွန့်တာပါပဲ ဘုရား)။

ဒါဖြင့် ဖောက်ပြန်တာလဲ ဥပမာ သရက်သီးဟာ ပုတ်လာတယ်ဆိုတော့ ဖောက်ပြန်တာ၊ သူ့ အမှည့်သဘော စွန့် တာ . . . သဘောကျပလား . . . (ကျပါပြီ)၊ ဒါဖြင့် ဖောက်ပြန်တာလည်း ပင်ကိုသဘော စွန့်တာပဲ (မှန်ပါ့)၊ ပျက်စီးတာကော . . . (ပင်ကိုသဘောစွန့်တာပါပဲဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာကြည့်တော့ ဖောက်ပြန်ပျက်စီးတာချည်း တွေ့နေတော့၊ ဩော် . . . ဖောက်ပြန်ပျက်စီးတာ ဘာတွေပါလိမ့် မတုံးဆိုတော့ ဒုက္ခသစ္စာတွေပါကလားလို့ မှတ်လိုက်၊ (မှန်ပါ့)၊ ဖောက်ပြန်ပျက်စီးတာ ဘာတွေပါလိမ့် (ဒုက္ခသစ္စာတွေပါ ဘုရား)၊ ထိုင်တတ်ကြပလား (ထိုင်တတ်ပါပြီဘုရား)၊ ထိုင်ပြီးသကာလ သမာဓိကလေး ၁၀-မိနစ်၊ ၁၅-မိနစ် ဖမ်းတဲ့ပြီး ခန္ဓာကပေါ်ရာကို ရှုလိုက်တဲ့အခါကျတော့ ဘာတွေ တွေ့မယ် ထင်သလဲ (ဖောက်ပြန်ပျက်စီးတားတွေ တွေ့ပါတယ် ဘုရား)။

## ရုပ်ရယ်၊ နာမ်ရယ် ရွေးမနေနဲ့တော့

ပေါ်လာတာက ဖောက်ပြန်တာ၊ ပေါ်လာတာက လေးပျောက်သွားတာက (ပျက်စီးတာပါဘုရား)၊ အဲ့ဒီကဲ့သို့ တွေ့ပြီဆိုမှဖြင့် ရုပ်ရယ်၊ နာမ်ရယ် ရွေးမနေနဲ့တော့ ဒီကျတော့ (မှန်ပါ့)၊ ရုပ်ရယ်၊ နာမ်ရယ် ရွေးမနေနဲ့တော့ . . . ဖောက်ပြန်ပျက်စီးတဲ့ သစ္စာနဲ့ရှုနေတော့ ဖောက်ပြန်ပျက်စီးတာပဲ တွေ့တာပါပဲ . . . (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီ)၊ ဖောက်ပြန် ပျက်စီးတာပဲ တွေ့နေတော့ ဩော် . . . ယောကျ်ားတွေ ဖြုတ်ဖို့ကော လိုသေးသလား (မလိုပါဘုရား)၊ ဒါ . . . မိန်းမပဲလို့ ထင်တဲ့ အထင်ကော (မလိုပါဘုရား)။

မလိုတော့ဘူး အလိုလိုပြုတ်သွားတယ် (မှန်ပါ့)၊ ငါတွေကော . . . (ပြုတ်သွားပါတယ်)၊ သူတွေကော (ပြုတ်သွားပါတယ် ဘုရား)၊ ဘယ်ကလာတာတွေလဲ ပြုတ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

## ပေါ်လာပြီးပျက်တဲ့ ဓမ္မတွေ

ဘယ်ကလာပါလိမ့်မတုံး မဟုတ်ဘူး၊ ပေါ်လာပြီးပျက်တဲ့ ဓမ္မတွေပဲ။ ဒီအတိုင်းသာရှုရင် အကြောင်းဖြစ်၍ အကျိုးဖြစ်တာပဲ၊ အကြောင်းပျက်၍ အကျိုးပျက်တာပဲဆိုတာကလေးလဲ

တစ်ခါတည်းပါသွားတယ် (မှန်ပါ့)၊ အဲဒီတော့ ဖောက်ပြန်ပျက်စီးတာကလေးကို ဒကာ၊ဒကာမတွေ စောင့်ကြည့်စေချင်တယ်နော် . . . (မှန်ပါ့)၊ ဘာကြည့်ရမယ် . . . (ဖောက်ပြန်ပျက်စီးတာကလေးကို စောင့်ကြည့်ရပါမယ်ဘုရား)၊ ဖောက်ပြန်ပျက်စီးတာကလေးကို သမာဓိရှေးဦးစွာ တည်အောင်လုပ်ပြီး စောင့်ကြည့်တော့ ဖောက်ပြန်ပျက်စီးတာဟာ ခြေထောက်တွေမလား . . . (ခြေထောက်ပေါ်မှာ ဖောက်ပြန်ပျက်စီးတာတွေမှာပါဘုရား)။

## ဓမ္မာနုပဿနာသတိပဋ္ဌာန်

ကိုယ် တွေမလား၊ ဖောက်ပြန်ပျက်စီးတာ တွေမလား (ဖောက်ပြန်ပျက်စီးတာ တွေမှာပါ ဘုရား)၊ မျက်စိ၊ နား၊ နှာခေါင်းတွေမလား၊ ဖောက်ပြန်ပျက်စီးတာ တွေမလား (ဖောက်ပြန်ပျက်စီးတာတွေ မှာပါ ဘုရား)၊ အဲ . . . ဖောက်ပြန်ပျက်စီးတာတွေချည်းတွေတော့ ဒါတွေက ဓမ္မာနုပဿနာ သတိပဋ္ဌာန်တဲ့၊ သစ္စာမြင်တဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘာပါလိမ့် . . . (သစ္စာမြင်တဲ့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါ ဘုရား)၊ အဲ့ဒီကဲ့သို့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့

ဒီအတိုင်း ခန္ဓာကိုယ်ကြီး စောင့်ကြည့်နေတော့ ဖောက်ပြန်ပျက်စီးတာက ဒုက္ခသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ (မှန်ပါ့)။

ဖောက်ပြန်ပျက်စီးတာက (ဒုက္ခသစ္စာပါ ဘုရား)၊ မြင်တာက (မဂ္ဂသစ္စာပါ ဘုရား)။

ဩော် . . . ဒကာ၊ ဒကာမတို့ သန္တာန်မှာ မင်္ဂမျက်လုံးနဲ့ ကြည့်လိုက်၊ မင်္ဂမျက်လုံးနဲ့ကြည့်လိုက်၊ သဘောကျပလား . . . (ကျပါပြီဘုရား) ဘာမျက်လုံးနဲ့ ကြည့်ရမလဲ (မင်္ဂမျက်လုံးနဲ့ ကြည့်ရပါမယ်ဘုရား)။

မင်္ဂမျက်လုံးနဲ့ကြည့်လိုက်တဲ့အခါကျတော့ ဘာတွေ တွေ့ပါလိမ့် (ဖောက်ပြန်ပျက်စီးတာတွေ တွေ့ပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် ပင်ကိုကလည်း ခန္ဓာကိုယ်ကြီးက ဖောက်ပြန်တာနဲ့ ပျက်စီးတာနဲ့ ပျက်စီးတာပဲရှိတယ်၊ ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ ကိုး၊ (မှန်ပါ့ ဘုရား)။

ဖောက်ပြန်ပျက်စီးတာရှိတော့ ဖောက်ပြန်ပျက်စီးတာတွေလို့ရှိရင်ဖြင့် ဒီမျက်လုံးဟာ နှလုံးသွင်းမှန်ပလား မှားသေးသလား မေးကြည့် (မှန်ပါတယ် ဘုရား)။

နှလုံးသွင်းတည့်သွားပြီ . . . (မှန်ပါ့)။

အဲ့ဒီကဲ့သို့ တည့်သွားတဲ့အခါကျတော့ ဩော် . . . ဖောက်ပြန်ပျက်စီးတာသာ အစစ်ပါကလားလို့သိတော့ ခန္ဓာ

ကိုယ်ထဲမှာ ဖောက်ပြန်ပျက်စီးတာက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ ဘုရား)၊ ဖောက်ပြန်ပျက်စီးတယ်လို့ သိနေတဲ့ သဘောကလေးက (မဂ္ဂသစ္စာပါ ဘုရား)။

အဲဒီမှာ မဂ်မျက်လုံးကလေးနဲ့ ဒကာ၊ ဒကာမတွေက ကြည့်ကြည့် ကြည့်ကြည့် ကြည့်ကြည့်ပြီး သကာလနေတော့ ဖောက် ပြန်ပျက်စီးတာက ဒုက္ခသစ္စာသာ သွားတွေ့တာပဲ (မှန်ပါ့)။

## ဒုက္ခသစ္စာအစိုင်အခဲကြီး

နောက်တော့ ဒီဒုက္ခသစ္စာကြီးဟာ ဒကာ၊ ဒကာမတို့ မြင်ရင်း မြင်ရင်းနဲ့ပဲ ဩော် . . . မိမိခန္ဓာရယ်လို့ ပြောသာ ပြော နေရတာပါကလား၊ ဒုက္ခသစ္စာ အစိုင်အခဲကြီး၊ ဒုက္ခသစ္စာတွေ ချည်းအကုန်ရှိနေတာကိုး၊ ဒါတွေ မတွေ့ပေဘူးလား (တွေ့ပါတယ် ဘုရား)။

တွေ့တဲ့အခါကျလို့ရှိရင် ဒီအချိန်မှာပဲ ဒကာ၊ ဒကာမ တွေက စဉ်းစားကြည့်တော့ ဖောက်ပြန်ပျက်စီးတာကလေးကို မြင်မနေဘူးလား (မြင်ပါတယ် ဘုရား)။

မြင်နေတဲ့အခါ မြင်တာကလေးက မဂ်ကလေးဖြစ်နေ တယ်၊ မြင်တာ မဂ်မျက်လုံးကလေး၊ သမ္မာဒိဋ္ဌိမျက်လုံးကလေး . . . သဘောကျပလား. . . (ကျပါပြီဘုရား)။

တစ်နည်း၊ ဝိဇ္ဇာမျက်လုံးကလေးဆိုရင်လည်း ဟုတ်တယ်. . . (မှန်ပါ့)၊ အမှန်သိတာကိုး. . . (မှန်ပါ့)။

ဝိဇ္ဇာမျက်လုံးလည်းဟုတ်တယ်နော်. . . (မှန်ပါ့)၊ သမ္မာဒိဋ္ဌိမျက်လုံးကော. . . (ဟုတ်ပါတယ်)၊ ဉာဏ်မျက်လုံးကော. . . (ဟုတ်ပါတယ်)၊ ဝိဇ္ဇာကလေးကော. . . (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ဒါတွေဟာ ဘုရားက ပရိယာယ်နဲ့သာ ဟောနေတာ၊ စင်စစ်တော့ ဉာဏ်မျက်လုံးတစ်လုံးတည်းပဲနော် . . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ နှလုံးသွင်းမှန်မှန်နဲ့ ဒကာဒကာမတွေက ကြည့်ပြီးသကာလနေတော့ ဖောက်ပြန်ပျက်စီးတာပဲ မြင်ပြီး ဒီပြင်ယောက်ျား၊ မိန်းမတွေခွာဖို့လည်း မလိုတော့ဘူး၊ လိုသေးသလား. . . (မလိုပါဘုရား)။

ရှိတာတော့ ဘာတွေတွေ့သလဲ. . . (ဖောက်ပြန်ပျက်စီးတာတွေ့ပါတယ်ဘုရား)

အဲဒီတော့ ဖောက်ပြန်ပျက်စီးတာ ဒုက္ခသစ္စာ၊ တွေ့တဲ့ ဉာဏ်ကလေးက. . . (မဂ္ဂသစ္စာပါဘုရား)၊ မဂ္ဂသစ္စာကလေး ရနေတော့ ဆုတောင်းလို့ရတာလား၊ ဒကာ ဒကာမတို့ နှလုံးသွင်းမှန်လို့ရတာလား. . . (နှလုံးသွင်းမှန်လို့ ရတာပါဘုရား)။

အဲဒါကြောင့် ဒါကျတော့ကို. . . တဲ့၊ ဆုမတောင်းနဲ့ တော့ ဒကာ ဒကာမတို့ ဒီမျက်လုံးကလေး ရပြီးတဲ့နောက် နိဗ္ဗာန်မြင်တဲ့မျက်လုံးရတော့မယ်. . . (မှန်ပါ့)၊ အခုဟာ ဒုက္ခ မြင်တဲ့မျက်လုံးရပြီ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒုက္ခမြင်တဲ့မျက်လုံး. . . (ရပါပြီဘုရား)၊ ခန္ဓာကိုယ်မှာ ဒုက္ခသစ္စာပဲဆိုတဲ့ မျက်လုံးကဖြင့်. . . (ရပါပြီဘုရား)၊ ရပြီတဲ့။

ကောင်းပြီ၊ ဒီရတဲ့မျက်လုံးကလေးဟာ နဂိုက ယောက်ျား မိန်းမထင်နေတာ ဒုက္ခသစ္စာလို့ ဘယ်တော့မှ မအောက်မေ့ ဘူး. . . (မှန်ပါ့)။

အခုတော့ဖြင့် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခတွေ ထင်ရှားပြီး သကာလနေတဲ့အတွက် "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈ မာနံ နိရုဇ္ဈတိ"လို့ ဘုရားကဟောထားတော့ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာတွေမြင်တော့ ဒုက္ခသစ္စာသာရှိတယ် ဆိုတာ ပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ထိုကဲ့သို့ ပေါ်လာတဲ့အခါကျတော့ ဖြစ်ပျက်က ဒုက္ခ သစ္စာ၊ မြင်တာကလေးက. . . (မဂ္ဂသစ္စာပါဘုရား)။

စောင့်ကြည့်တဲ့အခါကျတော့ ဒီအတိုင်းမမြင်ရဘူး လား. . . (မြင်ရပါတယ်ဘုရား)၊ သမာဓိရှိပြီးကြည့်လိုက်တဲ့ အခါကျတော့. . . (မြင်ပါတယ်ဘုရား)။

## မိမိနဲ့ဒုက္ခသစ္စာကွဲသွားပြီ

အင်း. . . သူတစ်ပါးသွားကြည့်နေရတာလားတဲ့၊ နဂိုက မိမိထင်နေတာ ကြည့်ရတာလား. . . (မိမိထင်နေတာကြည့်ရတာပါဘုရား)၊ မိမိလား၊ ဒုက္ခသစ္စာလား. . . (ဒုက္ခသစ္စာပါဘုရား)။

မိမိနဲ့ဒုက္ခသစ္စာ အခုကွဲသွားပြီ. . . (မှန်ပါ့)၊ ဦးဘကလေးဘယ့်နှယ်တုံး. . . (ကွဲသွားပါပြီဘုရား)။

မိမိကိုယ်ထင်နေတဲ့ဥစ္စာ ဘယ်ဟုတ်ရမတုံး၊ မိမိကိုယ်က ဖောက်ပြန်ပျက်စီးတာတွေချည်းပြနေတော့ မိမိကိုယ်ကို မဟုတ်တော့ဘူး. . . (မှန်ပါ့)၊ ဘာဖြစ်နေသတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာသက်သက်ဖြစ်နေတယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

မိမိကိုယ်ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား) ဒါဖြင့် မိမိကိုယ်မဟုတ်တဲ့ ဒုက္ခသစ္စာတွေပဲဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

## မိမိအလိုဆန္ဒ လုံးဝမပါ

ဒီဖောက်ပြန်ပျက်စီးနေတဲ့ သဘောကလေးတွေကလည်း ပေါ်လိုက် ပျောက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်၊

ပေါ်လိုက် ပျောက်လိုက်နဲ့ နေပြန်တော့လည်း အင်း. . . သူ့သဘောပဲ၊ မိမိအလိုဆန္ဒ ဒီအထဲမှာ လုံးဝမပါ၊ တားလို့ဆီးလို့ မရတဲ့သဘောတွေပဲဆိုတာတွေက ရောက်မလာပေဘူးလား . . . (ရောက်လာပါတယ်ဘုရား)။

အဲဒီမှာ အနိစ္စတွေလည်း အတွင်းဝင်သွားပြီ၊ ဒုက္ခတွေကော. . . (အတွင်းဝင်သွားပါပြီ)၊ အနတ္တတွေကော. . . (ဝင်ပါတယ်ဘုရား)၊ အဲဒီလိုမှတ်ကြပေတော့၊ ဖောက်ပြန်ပျက်စီးတာတစ်ခုလုံးဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒီ အနိစ္စဆိုတာလည်း ဒီဒုက္ခသစ္စာထဲ ဝင်သွားတာပဲ (မှန်ပါ့)၊ ဒုက္ခဆိုတာကော (ဒုက္ခသစ္စာထဲ ဝင်သွားပါတယ်ဘုရား) အနတ္တဆိုတာကော (ဒုက္ခသစ္စာထဲ ဝင်သွားပါတယ်ဘုရား)။

အဲဒီတော့ ယနေ့ည ဒကာ ဒကာမတွေ အခုသင်ပေးနေတာက ခင်ဗျားတို့အနိစ္စ, ဒုက္ခ, အနတ္တလုပ်မနေနဲ့တော့၊ နောက်ဆုံးပိတ်သစ္စာမြင်မှ နိဗ္ဗာန်ဝင်တာ၊ ဖောက်ပြန်ပျက်စီးတာမြင်လို့ရှိရင် အနိစ္စဟာ ဒီအထဲဝင်သွားပြီ၊ သစ္စာထဲဝင်သွားပြီ. . . (မှန်ပါ့)။

ဒုက္ခသစ္စာထဲ. . . (ဝင်သွားပါပြီ)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒီမှာ ရှင်သာရိပုတ္တရာကပြောထားတာ ဒကာ ဒကာမ

တွေ့ရှင်းရှင်းကြည့်လိုက်က သိသားပဲ၊ ဥပမာမယ်- ဆင်ကြီးက ဘုန်းကြီးတို့ ကျောင်းအဆင်းက နေပြီးသကာလ ဟိုဘက်ကျ အောင် ဆင်းသွားတယ်ဆိုတော့ မောင်နိုင်ရ (မှန်ပါ့)၊ ခြေရာ တွေက ထင်မနေဘူးလား. . . (ထင်ပါတယ်ဘုရား)။

## ဆင်ခြေရာဥပမာ

နောက်တစ်ခါ ခွေးတွေက နောက်က လိုက်သွားတဲ့ အခါ ဆင်ခြေရာအုပ်မိအောင် နင်းနိုင်တဲ့သတ္တဝါ နောက်ထပ် လာစရာမြင်သေးရဲ့လား. . . (မမြင်ပါဘုရား)၊ ဆင်ခြေရာ ထဲသာ ဝင်ကြရမှာပဲ. . . (မှန်ပါ့)။

ဆင်ခြေရာထဲ ထောက်ထောက်ပြီးတော့ သူတို့လိုချင် တဲ့ ခရီးကို အပြီးတိုင်သွားကြရမယ်. . . (မှန်ပါ့)၊ ဆင်ခြေရာ ထဲပဲ ဝင်ကြရမယ် (မှန်ပါ့)၊ ဆင်ခြေရာထက် ကြီးတာက ရှိသေး ရဲ့လား. . . (မရှိပါဘုရား)။

အဲ. . . ထို့အတူပဲတဲ့ ဖောက်ပြန်ပျက်စီးတာ တစ်ခု မြင်လိုက်လို့ရှိရင် သူက ဆင်ခြေရာပဲတဲ့၊ အနိစ္စလည်း ဒီအထဲ ထောက်ရတာပဲတဲ့. . . (မှန်ပါ့)၊ ဒုက္ခကကော (ဒီအထဲ ထောက်ရပါတယ်)၊ အနတ္တကကော (ဒီအထဲထောက်ရပါတယ် ဘုရား)၊ အသုဘကကော (ဒီအထဲထောက်ရပါတယ်ဘုရား)။

သြော်. ဒါဖြင့် ဖောက်ပြန်ပျက်စီးတာကလေး တစ်လုံး တည်း ဒကာ ဒကာမတွေ ပိုင်ပိုင်နိုင်နိုင်ကလေးကြည့်နေ (မှန်ပါ့)။ သမာဓိရရနဲ့ ကြည့်နေတော့ သြော်. . . ဖောက်ပြန် ပျက်စီးနေတာပဲ၊ ဖောက်ပြန်ပျက်စီးနေတာပဲဆိုတော့ ဖောက်ပြန်တာက ဖြစ်တာနော်. . . (မှန်ပါ့)၊ ပျက်စီးတာက ပျက်တာ (မှန်ပါ့)။

## တစ်ကိုယ်လုံးမှာ ဖြစ်ပျက်ပဲရှိတယ်

တစ်ကိုယ်လုံးမှာ ဖြစ်, ပျက်ပဲရှိတယ်ဆိုတာ ပြန်ဝင် လာတာပဲ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒါကြောင့်ဟို ပဏ္ဍာသတွေက ပဏ္ဍာသ အဋ္ဌကထာ တွေ, ဋီကာတွေက၊ သြော်-ဖြစ်, ပျက်ဟာကွာ တခြား အောက်မေ့မနေပါနဲ့၊ ဒုက္ခသစ္စာပါတဲ့၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ဖြစ်ပျက်ဟာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ အေး အဲဒီတော့ ဖြစ်ပျက်ရှုနေတာ ဒုက္ခသစ္စာရှုနေတာလို့ မှတ်လိုက် (မှန်ပါ့)။

ဖြစ်ပျက်ရှုနေတာ (ဒုက္ခသစ္စာ ရှုနေတာပါဘုရား)။

ဒုက္ခသစ္စာရှုနေတာ၊ အဲဒီကဲ့သို့ရှုတော့ အရှုခံတာက

ဒုက္ခသစ္စာ၊ ရှုညဏ်က မဂ္ဂသစ္စာသွားဖြစ်တယ်. . . (မှန်ပါ့)၊ မဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ အင်း. . . ဒကာ ဒကာမတို့ အခုရှုနေတဲ့ သဘောကလေးကို ခင်တဲ့စိတ်ကလေး, စွဲလမ်းတဲ့ စိတ်ကလေး ဟုတ်လား၊ အားထုတ်ပြီးတော့ ဒါမျိုးဖြစ်ပျက်ရချင်လို့ အားထုတ်ဦးမယ်ဆိုတဲ့ တဏှာ၊ ဥပါဒါန်၊ ကံတွေ လာသေးရဲ့ လား (မလာပါဘုရား)။

## ကာမဂုဏ်ခံစားတာတွေမလာတော့ဘူး

ဖြစ်, ပျက်ကလေး ရှုနေရတဲ့အတွက် "ကာမသုခလ္လိ ကာနုယောဂ" ဆိုတဲ့ တဏှာ, ဥပါဒါန်, ကံတွေလည်း ကာမဂုဏ်ခံစားတဲ့ တဏှာ, ဥပါဒါန်ကံတွေကော လာသေးရဲ့လား . . . (မလာပါဘုရား)၊ မလာတော့ဘူးနော်၊ သဘောကျပလား. . . (ကျပါပြီဘုရား).

စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းဆိုတဲ့ဒုက္ခ တွေကော. . . (မလာပါဘုရား)။

အင်း ဒီဟာက ဘာဖြစ်နေတာတုံးဆိုတော့ ဩဇာ-ဒါဖြင့် ဆင်းရဲတဲ့လမ်းလည်းမဟုတ်ဘူး၊ ကာမဂုဏ်ချမ်းသာ ခံစားတဲ့လမ်းလည်းမဟုတ်ဘူး၊ အလယ်လမ်းပါလား လို့ မှတ်

လိုက်တာပေါ့. . . (မှန်ပါ့)။

စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတဲ့လမ်းကော ဟုတ်ကဲ့လား . . . (မဟုတ်ပါဘုရား)။

## အလယ်လမ်းကို ရောက်သွားတယ်

စိတ်သာယာ, ကိုယ်သာယာတဲ့လမ်းဆိုလို့ရှိရင်လည်း ဒကာ ဒကာမတွေက ကာမသုခလ္လိကာနုယောဂလမ်းဖြစ်သွားတယ်၊ တဏှာလမ်းဖြစ်တယ်. . . (မှန်ပါ)၊ ဟိုဘက်ကလည်း ဒေါသလမ်းဖြစ်နေတယ်. . . (မှန်ပါ့)၊ တဏှာလမ်း ဒေါသလမ်း၏အလယ်ကိုရောက်သွားတယ်. . . (မှန်ပါ့)။

ဒါဖြင့် အလယ်လမ်းကိုရောက်နေတယ်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အလယ်လမ်းက ဘုရားဖြစ်တာကိုး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေကော. . . (အလယ်လမ်းပါပဲဘုရား)။

အဲဒီလို ဖောက်ပြန်ပျက်စီးတာကိုမြင်တဲ့ ဉာဏ်ကလေးကနေပြီးသကာလသွားမှ အလယ်လမ်းကိုရောက်တယ်၊ ဒီဉာဏ်ဟာ အလယ်လမ်းပဲဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့ညကစပြီး စမ်းကြည့်တာပေါ့၊ ကိုယ်တတ်အားသရွေ့ စမ်းကြတော့ ရင့်လာလိမ့်မယ်နော်. . . (မှန်ပါ့ဘုရား)၊ ရင့်လာတော့ အခု အဲဒီအချိန်ကလေးမှာ တစ်ချက်တည်း ကိုယ်ပေါ်က ဖြစ်ဖြစ်ပေါ့လေ၊ ဖောက်ပြန်ပျက်စီးတာကလေးကို ဉာဏ်နဲ့တည့်ပြီး မြင်လိုက်တယ်ဆိုလိုက်ပါတော့။ အဲဒီတစ်ချက်ဟာ မောင်နိုင် အလွန်အရေးကြီးတယ်. . . (မှန်ပါ့)။

ဒီအချက်ဟာ အလွန်အရေးကြီးတယ်တဲ့၊ ဒီတစ်ချက်ဟာ ဘယ့်နှယ်ကြောင့် ဒီလောက်အရေးတကြီး မွန်မြတ်တယ်လို့ဆိုရပါလိမ့်မတုံးဆိုတော့ ခုနင်က တဏှာ, ဥပါဒါန်, ကံတွေကော လာသေးသလား. . . (မလာပါဘုရား)။ ဟာ . . . ဒါဖြင့် ပဋိစ္စချုပ်ပြီ. . . (မှန်ပါ့)။

ဒေါသ သောက ပရိဒေဝတွေကော. . . (မလာပါဘုရား)။

အင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ကာမသုခလ္လိကာနုယောဂလမ်းလည်းမရှိဘူး. . . (မှန်ပါ့)၊ အတ္တကိလမထာနုယောဂလမ်းကော. . . (မရှိပါဘုရား)။

## အလယ်လမ်းကမှ နိဗ္ဗာန်သွားလို့ရတယ်

ဟာ- အလယ်လမ်းပေါ် သေသေချာချာရောက်တော့ အလယ်လမ်းကနေမှ နိဗ္ဗာန်သွားလို့ရတယ်. . . (မှန်ပါ့)။

ဘယ်ကမှ နိဗ္ဗာန်သွားလို့ရသလဲ. . . (အလယ်လမ်းကမှ နိဗ္ဗာန်သွားလို့ရပါတယ်ဘုရား)၊ အလယ်လမ်းကနေမှ နိဗ္ဗာန်သွားလို့ရတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ခန္ဓာကို နဂိုက ကိုယ့်ခန္ဓာလို့ ထင်နေတာမဟုတ်တော့ပါဘူး၊ ဒုက္ခသစ္စာ သက်သက်ပါပဲလို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့ဘုရား)၊ မချရပေဘူးလား. . . (ချရပါတယ်ဘုရား)၊ မျက်လုံးမှိတ်ပြီးကြည့်နော်. . . (မှန်ပါ့)၊ မျက်လုံးမှိတ်ပြီးကြည့်တော့ ဟိုနေရာက ဖောက်ပြန်၊ ဒီနေရာက ဖောက်ပြန်၊ ဟိုနေရာကပျက်စီး၊ ဒီနေရာက ပျက်စီးတာတွေ မတွေ့ဘူးလား. . . (တွေ့ပါတယ်ဘုရား)။

အဲ. . . ဖောက်ပြန်ပျက်စီးတဲ့ဥစ္စာ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)၊ မြင်တာက. . . (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ကာမဂုဏ်ခံစားတဲ့လမ်းကော ပြတ်သွားတယ်. ... (ပြတ်ပါတယ်ဘုရား)၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲလမ်းကော. . . (ပြတ်ပါတယ်ဘုရား)၊ ဒါဖြင့် ဘယ်လမ်း

ရောက်သွားသလဲ. . . (အလယ်လမ်းရောက်ပါတယ်ဘုရား)၊ ဩော်. . . ဒီလိုရှုနေတာလည်း အလယ်လမ်းရောက်တာပဲ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ အင်း. . . ရှုဖန်များလာတဲ့အခါ ဖောက်ပြန်ပျက်စီးတာတွေ မြင်ရတဲ့အခါကျတော့ စိတ်ထဲမှာ ငြီးငွေ့တော့ မုန်းလာတယ်၊ ဘာဖြစ်လို့မုန်းသတုံးလို့ မေးတဲ့အခါကျတော့မှ ဖောက်ပြန် ပျက်စီးတာကြီး ရ,ထားလို့ မုန်းတာ. . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့်မုန်းသတုံး. . . (ဖောက်ပြန်ပျက်စီးတာကြီး ရ,ထားလို့ မုန်းတာပါဘုရား)၊ နဂိုတုန်းကတော့ အရတော်လေစွလို့ ထင်နေတယ်. . . (မှန်ပါ့)၊ အခုတော့ ဉာဏ်မျက်လုံးကို ဆရာဘုန်းကြီးက တပ်ပေးလိုက်တဲ့အတွက် ဖောက်ပြန်ပျက်စီးတာပဲ၊ သေသေချာချာရတာ မထင်ရှားဘူးလား. . . (ထင်ရှားပါတယ်ဘုရား)။

## မြင်ဖန်များရင် ဉာဏ်တက်လာမယ်

ထင်ရှားတော့ ဩော်. . . အရမတော်ဘူး၊ ဒီဥစ္စာကြီးဟာ တကယ်ရွံစရာ မုန်းစရာကြီး ရ,ထားတယ်ဆိုတဲ့ ဉာဏ်ဟာ ဖောက်ပြန်ပျက်စီးတာ မြင်ဖန်များရင် ဉာဏ်တက်လိမ့်မယ်. . . (မှန်ပါ့)၊ ရွံမုန်းတဲ့ဉာဏ် မတက်ပေဘူးလား . . . (တက်ပါတယ်ဘုရား)။

ကြာတော့ တက်ရုံသာမက ရှုရင်းမတ္တနဲ့ မုန်းရုံတင်မကဘဲနဲ့ ဩော်. . . ဒါကြီးနဲ့ဖြင့် မနေချင်ပါဘူး၊ ရလည်း မရချင်ပါဘူးဆိုတာလည်း ဉာဏ်တက်လာဦးမှာပဲ. . . (မှန်ပါ့)၊ ဉာဏ်မတက်ပေဘူးလား. . (တက်ပါတယ်ဘုရား)၊ တက်သည်နဲ့တစ်ပြိုင်နက်တည်း ခုနင်က ဖောက်ပြန်ပျက်စီးတာတွေ အကုန်ပျောက်သွားတယ်. . . (မှန်ပါ့)၊ ခန္ဓာ ပျောက်တယ်. . . (မှန်ပါ့)၊ ဖောက်ပြန်ပျက်စီးတာ ပျောက်တယ်ဆိုတော့ ခန္ဓာ ပျောက်တာပဲ. . . (မှန်ပါ့)၊ မပျောက်ပေဘူးလား. . . (ပျောက်ပါတယ်ဘုရား)။

## မဖောက်ပြန်တဲ့နိရောဓသစ္စာ

အဲဒီ ပျောက်သွားတဲ့အခါကျတော့မှ ဩော်. . . ဖောက်ပြန်ပျက်စီးမှုသည် ဒုက္ခသစ္စာ၊ အခု ဖောက်ပြန်ပျက်စီးမှုပျောက်သွားလို့ မိမိဉာဏ်ကလေးနဲ့ အခုမြင်ရတဲ့နေရာ က မဖောက်ပြန်တဲ့နေရာက နိရောဓသစ္စာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ မဖောက်ပြန်တဲ့နေရာက . . . (နိရောဓသစ္စာပါဘုရား)။

အဲဒီမှာ နိဗ္ဗာန်ဘက်ကူးတယ်၊ ခုနင်က ဉာဏ်ကမြင်တယ်. . . (မှန်ပါ့)၊ အရင်တုန်းကတော့ ဖောက်ပြန်ပျက်စီး

ဘွဲ့ဘက်နေတယ်. . . (မှန်ပါ့)၊ နောက်တော့ ဒီ. . . ဖောက်ပြန်ပျက်စီးတာကြီး မလိုချင်တော့လို့ ဖောက်ပြန်ပျက်စီးတာ ဟာ ပျောက်ထွက်သွားတယ်. . . (မှန်ပါ့)၊ မဖောက်ပြန်ဘဲနဲ့ ခိုင်မြဲတာကြီးလာပေါ်တယ်၊ နိဗ္ဗာန်လာပေါ်တယ်ဆိုကြပါစို့ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်လာပေါ်တယ်

နိဗ္ဗာန်လာပေါ်တော့ ဘယ်လိုပေါ်သတုံးဆိုတော့ ဓာတ်ရှင်များပြသလိုပဲမှတ်လိုက်တာပေါ့၊ အရင်တုန်းကတော့ ပိတ်ကားကြီးပေါ်မှာ အရုပ်တွေ ရှုပ်နေတယ်. . . (မှန်ပါ့)၊ နောက် ဓာတ်ရှင်သိမ်းတော့ ပိတ်ဖြူကြီးပေါ်လာတယ်. . . (မှန်ပါ့)၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)၊ မသိခင်က ရှုပ်ယှက်ခတ်နေတယ်၊ သိမ်းလိုက် တဲ့အခါကျတော့ ရှင်းသွားတယ်. . . (မှန်ပါ့)။

ဒီမှာလည်း ထိုနည်းအတူပဲတဲ့၊ ပထမတုန်းက သမာဓိနဲ့ ရှုနေတုန်းကတော့ ရှုပ်ယှက်ခတ်တွေ ရှုနေရတယ်၊ ဖောက်ပြန် ပျက်စီးတာတွေ ရှုနေရတယ်. . . (မှန်ပါ့)၊ နောက် ဒါတွေ မလိုချင်တော့ပါဘူး၊ ဒါတွေမရချင်တော့ပါဘူး ရွံပါတယ်၊ မုန်းပါတယ်ဆိုတဲ့ ဉာဏ်တွေတက်ပြီး မလိုချင်ဘူးဆိုတော့

ခုနင်က ပိတ်ကားမြင်ရသလို တစ်ခါတည်း ရှင်းထွက်သွားတာပဲ. . . (မှန်ပ့ါ)၊ ရိပ်မိပလား. . . (ရိပ်မိပါ ပြီဘုရား)

## အလုပ်သင်ပေးနေတာ

ဒါ "အလုပ်သင်" ပေးနေတယ်လို့ ယနေ့မှတ်ပါ. . . (မှန်ပ့ါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ မနေ့က တရားကိုဆက် ဖို့ပဲ၊ ခင်ဗျားတို့အလုပ်ကလေးသင်ချင်တာနဲ့ တရားကို ခဏဖြတ်ထားတယ်နော်. . . (မှန်ပ့ါ)။

**ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့။**

**သာဓု. . . သာဓု. . . သာဓု. . .**